# မဟာမဲခေါင်ဒေသခွဲ၏ စီးပွားရေးစင်္ကြံများနှင့် အလားအလာ

|ဒေါက်တာပင်လုံအေး|



မဟာမဲခေါင်ဒေသခွဲဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်ကို ၁၉၉၂ ခုနှစ်မှာ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)မှ စတင်ခဲ့ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ အရှေ့တောင်အာရှအဖွဲ့ဝင် အာဆီယံနိုင်ငံများရဲ့ အဖွဲ့ဝင် နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကိုလျှော့ချပြီး အခြားဖွံ့ဖြိုးပြီး အာဆီယံနိုင်ငံများကို အမှီလိုက်နိုင်ရေးအတွက်ဖြစ်ပါတယ်။ အဖွဲ့ဝင်နိုင်ငံများကတော့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်းနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ယူနန်ပြည်နယ်တို့ ပါဝင်ပါတယ်။ မဲခေါင်မြစ်ဝှမ်းဒေသဟာ တိဘက်ကုန်းပြင်မြင့်၊ တောင်ပိုင်းဗီယက်နမ်မြစ်ဝကျွန်းပေါ်ဒေသမှတစ်ဆင့် တောင်တရုတ်ပင်လယ်အထိ ကီလိုမီတာပေါင်း ၄,၈၀၀ ရှည်လျားပြီး ၂. ၆စတုရန်းကီလိုမီတာကျယ်ဝန်းပါတယ်။ အဆိုပါဒေသတွင်း လူဦးရေ ၃၂၆ သန်း မှီတင်း နေထိုင်ကြပါတယ်။ ဂျီအမ်အက်စ်ဒေသ၏ ပျမ်းမျှ GDP အနေ နဲ့ကတော့ အမေရိကန်ဒေါ်လာ ၇၈၇ ဖြစ်ပါတယ်။

## စီးပွားရေးအခြေအနေနှင့်ပြဿနာများ

ဂျီအမ်အက်စ်ဒေသ၏ စီးပွားရေးမှာ လယ်ယာစိုက်ပျိုးရေးဖြစ်ပါတယ်။ ထို့အပြင် ပိုမိုပွင့်လင်းမြင်သာမှုကိုအခြေခံသော ဈေးကွက်စီးပွားရေးစနစ် ဖွံ့ဖြိုးအားကောင်းလာစေရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ သဘာဝရင်းမြစ်ပေါကြွယ်ဝပြီး အာရှနှင့်ပစိဖိတ်ဒေသတွင်း ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုအလားအလာကောင်းမွန်သော ဒေသလည်းဖြစ်ပါတယ်။ အဆိုပါအချက်အလက်များကြောင့် အပြည်ပြည်ဆိုင်ရာမှ စိတ်ဝင်စားမှုများကို ဆွဲဆောင်နိုင်တဲ့ဒေသလည်းဖြစ်ပါတယ်။ အလှူရှင်များနဲ့ ဖွံ့ဖြိုးမှုမိတ်ဖက်များရဲ့ အထောက်အပံ့နဲ့ ဒေသတွင်း မေခရီစီးပွားရေးတည်ငြိမ်ရေး၊ ပေါ်လစီကောင်းများပေါ်ထွက်ရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများရရှိစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ လူသားရင်းမြစ်နှင့်အတူ သဘာဝရင်းမြစ်ပေါကြွယ်ဝခြင်းတို့ကြောင့် မဲခေါင်ဒေသဟာ အာရှတိုက်ရဲ့စီးပွားရေးကို ဦးဆောင်နိုင်မဲ့ အလားအလာတွေရှိပါတယ်။ အဆိုပါအားသာချက်များကြောင့် အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်၊ အာရှနှင့်ပစိဖိတ်ဒေသတွင်း ကုလ သမဂ္ဂစီးပွားရေးနှင့် လူမှုရေးဆိုင်ရာကော်မရှင် (ESCAP) စတဲ့အဖွဲ့အစည်းများမှ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ချေးငွေ၊ နည်းပညာအကူအညီနဲ့ အထောက်အပံ့များပေးအပ်လျက်ရှိပါတယ်။ ထို့ပြင် မဲခေါင်မူဘောင်အတွင်း ပုဂ္ဂလိကကဏ္ဍများဖွံ့ဖြိုးတိုးတက်စေရေးဟာလည်း အဓိကအခန်းကဏ္ဍအနေနဲ့ အားပေးကူညီလျက်ရှိပါတယ်။

ဒေသတွင်း ဒေသန္တရဆိုင်ရာ အချင်းအရာများကွဲလွဲပြီး တောင်ထူထပ်တဲ့၊ မြေပြန့်လွင်ပြင် ကျယ်ပြန့်တဲ့၊ ထုံးကျောက်တောင်တွေပေါတဲ့၊ မြေနိမ့်ပိုင်း၊ ရေဝင်ချိုင့်ဝှမ်းများနဲ့ မြေဆီလွှာကောင်းမွန်တဲ့ နှုန်းတင်မြေနုပိုင်းတွေ၊ သစ်တောများဖုန်းလွှမ်းနေတဲ့ အမြဲစိမ်းသစ်တောတွေရှိတဲ့ ဒေသဖြစ်တဲ့အပြင် ရာသီဥတုအခြေအနေတွေ မတူညီကြတဲ့အတွက် ဇီဝမျိုးကွဲများလည်းပေါကြွယ်ဝပါတယ်။ ရင်ဆိုင်နေရတဲ့ ပြဿနာတွေကတော့ ဇီဝမျိုးကွဲများခြိမ်းခြောက်ခံရမှုမှာ ကမ္ဘာ့အဆင့် (၅) မှ တည်ရှိနေပါတယ်။ထို့ပြင် လူဦးရေတိုးတက်လာမှုနဲ့ တောင်ယာမြေခုတ်ထွင် ရှင်းလင်းစိုက်ပျိုးရေးများကြောင့် သစ်တောပြုန်းတီးမှု၊ တရားမဝင်သစ်ခုတ်မှု၊ သားရဲတိရိစ္ဆာန်များရောင်းဝယ်မှု၊ ငါးများအလွန်အကျွံဖမ်းဆီးမှု၊ ဆည်၊ တာတမံနဲ့ လမ်းများဖောက်လုပ်မှုနဲ့ သတ္တုတူးဖော်ရေး လုပ်ငန်းများကြောင့် ရာသီဥတု ပြောင်းလဲခြင်း ဆိုင်ရာပြဿနာများကို ရင်ဆိုင်ရလျက်ရှိပါတယ်။

## မဲခေါင်ဒေသတွင်းဦးစားပေးလုပ်ငန်းများ

၂၀၁၂ ခုနှစ်တွင် ADB နှင့် မြန်မာနိုင်ငံအကြား ပြန်လည်ဆက်သွယ်ဆောင်ရွက်မှုအား စတင်ခဲ့ပြီး အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများနှင့် ဆက်သွယ်ဆောင်ရွက်ချက်အား တိုးမြှင့်၍ မဟာမဲခေါင်ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်အောက်တွင် သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်၊ ဆက်သွယ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူ့စွမ်းအားရင်းမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွား လုပ်ငန်းဖွံ့ဖြိုးရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေး၊ ပုဂ္ဂလိကကဏ္ဍနှင့် စိုက်ပျိုးရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဦးစားပေးအဆင့်များရွေးချယ်သတ်မှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက် ရန်အတွက် မဲခေါင်ဒေသတွင်း ရင်းနှီးမြှုပ်နှံမှု အကောင်အထည်ဖော်ဆောင်ရွက်ရေး မူဘောင် (၂၀၁၄- ၂၀၁၈) Greater Mekong Subregion Regional Investment Framework Implementation Plan, 2014-2018 (RIF-IP) အား ဦးစားပေးစီမံကိန်း (၉၂) အား စုစုပေါင်းခန့်မှန်း ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ (၃၀.၁) ဘီလီယံဖြင့် အကောင်အထည်ဖော် ဆောင်မဲ့ ဦးစားပေးကဏ္ဍများကို ရွေးချယ်သတ်မှတ်ရာမှာ ဒေသတွင်းကျန်းမာရေး၊ ပညာရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ အားဖြေရှင်းရန်၊ အလားအလာကောင်းသော စီးပွားရေးနှင့်လူမှုရေးဆိုင်ရာကဏ္ဍများတွင် အကျိုးကျေးဇူးရရှိစေရေး၊ ဘဏ္ဍာငွေ အထောက်အပံ့ရရှိနိုင်မှု၊ နည်းပညာ၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအခြေအနေများ၊ နိုင်ငံ

အလိုက် ဦးစားပေးလုပ်ငန်းများအပေါ် မူတည်၍ ရွေးချယ်ပါတယ်။

**ဂျီအမ်အက်စ်အစီအစဉ်၏ အလေးထားဖော်ဆောင်ရမည့်အချက်များ**

(၁) တောင်-မြောက်စီးပွားရေး စင်္ကြံ Kunming—Chiang Rai—Bangkok မှတစ်ဆင့် လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံသို့ဆက်သွယ်မည့် လမ်းကြောင်းနှင့် Kunming—Hanoi—Haiphong လမ်းကြောင်းတို့ ပါဝင်ပါတယ်။ အဆိုပါစင်္ကြံတစ်လျှောက် အခြေခံအဆောက် အအုံနှင့်သက်ဆိုင်သော စီမံကိန်း (၅၀) ကျော် ပါဝင်ပြီး အမေရိကန်ဒေါ်လာ ၄. ၅ ဘီလီယံကျော် ကုန်ကျမည် ခန့်မှန်းပါသည်။

(၂) အရှေ့-အနောက်စီးပွားရေးစင်္ကြံ ဗီယက်နမ်နိုင်ငံရှိ Da Nang ပင်လယ်ဆိပ်ကမ်းမြို့နှင့် မြန်မာနိုင်ငံ မော်လမြိုင်ဆိပ်ကမ်းသို့ဆက်သွယ်သော လမ်းကြောင်းဖြစ်ကာ လာအိုနိုင်ငံ အလယ်ပိုင်းနှင့် ထိုင်းနိုင်ငံမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းသို့ ဆက်သွယ်ထားပြီး ဆက်စပ်စီမံကိန်း (၇၇) ခုပါဝင်ကာ အမေရိကန်ဒေါ်လာ(၂. ၅)ဘီလီယံ ကုန်ကျမည်ဖြစ်ပါတယ်။

(၃) တောင်ပိုင်းစီးပွားရေးစင်္ကြံ ထိုင်းနိုင်ငံ ဘန်ကောက်မှတစ်ဆင့် ကမ္ဘောဒီးယားနိုင်ငံကို ဖြတ်သန်း၍ ဗီယက်နမ်နိုင်ငံသို့ဆက်သွယ်သောလမ်းကြောင်းဖြစ်ကာ ဆက်စပ်စီမံကိန်းပေါင်း (၁၂၃) ပါဝင်ပါသည်။ ခန့်မှန်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ (၅. ၆) ဘီလီယံ ဖြစ်ပါတယ်။

(၄) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာကဏ္ဍ- အဆိုပါကဏ္ဍတွင် ဂျီအမ်အက်စ်အဖွဲ့ဝင်(၆)နိုင်ငံရှိ ဆက်သွယ်ရေး ကဏ္ဍများတွင် ဆက်သွယ် ရေးဆိုင်ရာ ပေါ်လစီများ ပြုပြင်ပြောင်းလဲရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းဖြစ်ကာ စုစုပေါင်းကုန်ကျစရိတ် အမေရိကန်ဒေါ်လာ (၁၃၇) သန်းကုန်ကျမည်ဖြစ် ပါသည်။

(၅) ဒေသတွင်းပါဝါကုန်သွယ်ရေးသဘောတူညီချက်-ပါဝါကဏ္ဍတွင် ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှု၊ ကမ္ဘောဒီးယား၊ လာအိုနှင့်ဗီယက်နမ်နိုင်ငံတို့တွင် မဟာဓါတ်အားလိုင်း သွယ်တန်းရေး၌ဘဏ္ဍာငွေမတည် မှု၊ ဂျီအမ်အက်စ်နိုင်ငံများတွင် ပါဝါဈေးကွက်ထူထောင်ရန်တို့အား အလေးထား ဖော်ဆောင်မည်ဖြစ်ပြီး စီမံကိန်းပေါင်း (၃၄) ခု ပါဝင်ကာကုန်ကျစရိတ်ပေါင်း အမေရိကန်ဒေါ်လာ (၄. ၇) သန်း ကုန်ကျမည် ဖြစ်ပါသည်။

(၆) နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု-အဆိုပါကဏ္ဍတွင် အကောက်အခွန်လုပ်ငန်းစဉ်များအား လွယ်ကူချောမွေ့စေရေး၊ ကူးတို့သယ်ယူပို့ဆောင်ရေးကဏ္ဍအဆင့်မြှင့်တင်ရေးနှင့် ကုန်စည်နှင့် ဆက်နွယ်သော ဘဏ္ဍာငွေကြေးနှင့် အာမခံလုပ်ငန်းများ နှင့် သက်ဆိုင်သည့် ပေါ်လစီများနှင့် လုပ်ထုံးလုပ်နည်းများအား ပူးပေါင်းဆောင်ရွက်ခြင်းတို့ ဖော်ဆောင်မည် ဖြစ်ပါသည်။ ကုန်စည်နှင့် ခရီးသည်များ နယ်စပ်ဖြတ်ကျော်ခြင်းများတွင် လွယ်ကူချောမွေ့စေရေး သဘော တူညီချက် မူဘောင်အပြီးသတ်ရေးဆွဲရေးနှင့် အကောင်အထည်ဖော်ဆောင်ရေးတို့ပါဝင်ပြီး ဆက်စပ်စီမံကိန်း(၁၇)ခုပါဝင်ပါသည်။ အကောက်ခွန် လုပ်ငန်းစဉ်များအား တစ်နေရာတည်းတွင် ပြီးပြတ်စေမည့် one-stop လုပ်ငန်းစဉ်များအား အကောင်အထည် ဖော်ဆောင်မည်ဖြစ်ပါသည်။

(၇) ယှဉ်ပြိုင်နိုင်စွမ်းရှိသော ပုဂ္ဂလိကကဏ္ဍအား အဆင့်မြှင့်တင်ရေး- စီမံခန့်ခွဲမှု၊ စွန့်ဦးတီထွင်မှု၊ ဝန်ထမ်းများ၏အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ သင်တန်းများ၊ ထုတ်လုပ်မှုနှင့် ဈေးကွက်ရှာဖွေရေးနှင့်အသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက် ဘဏ္ဍာငွေ ထောက်ပံ့ရေးအစီအစဉ်များအား အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါသည်။ ဂျီအမ်အက်စ်စီးပွားရေးဖိုရမ်အား ၂၀၀၀ ပြည့်နှစ် အောက်တိုဘာတွင် စတင်တည်ထောင်ကာ အရည်

အသေးမြှင့်တင်ရေးဆိုင်ရာများအား အဓိကဖော်ဆောင်မည်ဖြစ်ပြီး စီမံကိန်း(၁၁)ခုဖော်ဆောင်မည် ဖြစ်ပါသည်။

(၈) လူ့စွမ်းအားရင်းမြစ်ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍ HIV/AIDS တိုက်ဖျက်ရေးအား ပူးပေါင်း ဆောင်ရွက်ရေး၊ ပညာရေး၊ အလုပ်သမားပြဿနာကိစ္စရပ်များနှင့် ပညာရေးနှင့် သုတေသနဆိုင်ရာ အခွင့်အရေးများမျှဝေရေးများအားအကောင်အထည်ဖော်ဆောင်မည် ဖြစ်ပြီး စီမံကိန်း အရေ အတွက် (၄၀)အား အမေရိကန်ဒေါ်လာ(၉၂)သန်း အကုန်အကျခံ ဖော်ဆောင်မည် ဖြစ်ပါသည်။

(၉) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မဟာ ဗျူဟာမြောက် မူဘောင်-ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သဘာဝရင်းမြစ်များထိန်းသိမ်းစောင့်ရှောက်ရေး စီမံကိန်း များပါဝင်ပြီး geographic information စနစ် နည်းပညာများ၊ နိုင်ငံဝန်ထမ်းများအကြား ပတ်ဝန်းကျင် ထိန်းသိမ်းစောင့် ရှောက်ရေး လုပ်ငန်းစဉ်များ အဆင့်မြှင့်တင်ရေး၊ ဒေသတွင်းအစိုးရ၏ ပတ်ဝန်းကျင်ဆိုင်ရာအလေးပေး ဆောင်ရွက်ရမည့် အချက်အလက်များအား သတ်မှတ်ရေး အပါ အဝင်စီမံကိန်းများအား အကောင်အထည်ဖော်ဆောင်ပြီးဖြစ်ပါသည်။အဆိုပါကဏ္ဍအား စီမံကိန်း (၅၀) ခန့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး စုစုပေါင်းကုန်ကျစရိတ် အမေရိကန်ဒေါ်လာ သန်း (၃၁၀) ဖြင့်ဖော်ဆောင်မည်ဖြစ်ပါသည်။

(၉) ရေဘေးနှင့်ရေအရင်းအမြစ်စီမံခန့်ခွဲရေး- မြေယာအသုံးချမှုစီမံကိန်း၊ ရေဘေးအန္တရာယ် ကာကွယ်တားဆီးမှုဆိုင်ရာကိစ္စရပ်များအား အကောင်အထည် ဖော်ဆောင်ရွက်မည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ သန်း (၄၇၀) ကုန်ကျခံဆောင်ရွက်မည် ဖြစ်ပါသည်။

(၁၀) ဂျီအမ်အက်စ် ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေး-ဒေသတွင်း တစ်ခုတည်းသော ခရီးသွားလုပ်ငန်းပေါ်ပေါက်စေရန်၊ ခရီးသွားလုပ်ငန်းနှင့်ဆက်နွယ်သော အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်စေရန်၊ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ အဆင့်မြှင့်တင်ရေး၊ ပုဂ္ဂလိကကဏ္ဍပါဝင်စေရန် အားပေး မြှင့်တင်ရေးအား အမေရိကန်ဒေါ်လာ(၆၂)သန်းဖြင့်ဆောင်ရွက်မည်ဖြစ်ကာ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံအတွက် အမေရိကန်ဒေါ်လာ (၄၂) သန်းဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

အဆိုပါ စီမံကိန်းများအနက် သယ်ယူပို့ဆောင်ရေးကဏ္ဍသည်စီမံကိန်းအရေအတွက် အများဆုံးဖြစ်ပါတယ်။ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ စီမံကိန်းများ အနက် စီးပွားရေးစင်္ကြံ(၃) ခု အကောင်အထည်ဖော်ရေး စီမံကိန်းဟာ ထင်ရှားပါတယ်။ ဒေသတွင်း အဖွဲ့ဝင်(၆) နိုင်ငံကိုဖြတ်သန်းသွားတဲ့ စင်္ကြံ(၃) ခု မှာ တောင်-မြောက်စီးပွားရေးစင်္ကြံ North-South Economic Corridor (NSEC)၊ အရှေ့-အနောက်စီးပွားရေးစင်္ကြံ East-West Economic Corridor (EWEC) နဲ့ တောင်ပိုင်း စီးပွားရေးစင်္ကြံ Southern Economic Corridor (SEC) တို့ဖြစ်ပါတယ်။

## တောင်-မြောက်စီးပွားရေးစင်္ကြံ

တောင်-မြောက်စီးပွားရေးစင်္ကြံတွင် ဂျီအမ်အက်စ်ဒေသ၏ပထဝီဝင်အနေအထားအရ အနောက်ပိုင်း စင်္ကြံခွဲ Western Subcorridor၊ ဗဟိုအလယ်ပိုင်းစင်္ကြံခွဲ Central Subcorridor နှင့် အရှေ့ဖျားစင်္ကြံခွဲ Eastern Subcorridor ဆိုပြီး တောင် - မြောက်စီးပွား ရေးစင်္ကြံကို အထောက်အကူပြုပေးမဲ့ လမ်းကြောင်း (၃) သွယ်ရှိပါတယ်။ အနောက်ဘက်ပိုင်းစင်္ကြံခွဲအနေနဲ့ တရုတ်နိုင်ငံရှိ ကူမင်း- ထိုင်းနိုင်ငံရှိ Chiang Rai-ဘန်ကောက်မှတစ်ဆင့် လာအိုနိုင်ငံ (သို့မဟုတ်) မြန်မာနိုင်ငံသို့ ဆက်သွယ်မဲ့ လမ်းပိုင်း၊ ဗဟိုအလယ်ပိုင်းစင်္ကြံခွဲအနေနဲ့ တရုတ်နိုင်ငံရှိ ကူမင်း- ဗီယက်နမ်နိုင်ငံရှိဟနွိုင်း- ဗီယက်နမ်နိုင်ငံရှိ Hai Phong လမ်းပိုင်းများဟာ လက်ရှိဗီယက်နမ်နိုင်ငံ တောင်ပိုင်းနှင့် မြောက်ပိုင်းကို ဆက်သွယ်ထားတဲ့ အမှတ် (၁)

အဝေးပြေးလမ်းမကြီးနဲ့ ဆက်သွယ်ဖောက်လုပ်မှာဖြစ်ပါတယ်။ အရှေ့ဖျား စင်္ကြံ ခွဲအနေနဲ့ တရုတ်နိုင်ငံရှိ နန်နင်း-ဗီယက်နမ်နိုင်ငံရှိ ဟန္ဒိုင်း- တရုတ်နိုင်ငံရှိ Dongxing-ဗီယက်နမ်နိုင်ငံရှိ Mong Cai လမ်းပိုင်း တို့ဟာ တောင်-မြောက် စီးပွားရေး စင်္ကြန်အတွက် အရေးပါလှတယ်။

ထို့ပြင် အဆိုပါ တောင်-မြောက်စင်္ကြံအနေနဲ့ ယူနန်ပြည်နယ်နှင့် လာအိုနိုင်ငံ မြောက်ပိုင်းဒေသအား ပင်လယ်ဆိပ်ကမ်းမြို့များနှင့် ဆက်သွယ်နိုင်ရန်အတွက် အဓိကကျတဲ့အခန်းကဏ္ဍမှ ပါဝင်နေပါတယ်။ အဆိုပါ စင်္ကြန် ဟာ စင်္ကာပူနိုင်ငံမှတစ်ဆင့် မလေးရှားနိုင်ငံ Chiang Rai အထိ၊ ယူနန်ပြည်နယ်ကူမင်းမှ တစ်ဆင့် တရုတ်ပြည်မကြီးရှိ ဘေဂျင်းအထိ ဆက်သွယ်နိုင်တဲ့ လမ်းကြောင်းဖြစ်တဲ့အတွက် စီးပွားရေး ဈေးကွက်အနေ အထားအနေနဲ့ အထူးကောင်းမွန်ပါတယ်။

**အရှေ့-အနောက် စီးပွားရေးစင်္ကြံ**

အရှေ့- အနောက်စီးပွားရေးစင်္ကြံဗီယက်နမ် နိုင်ငံရှိ D a Nang ဆိပ်ကမ်းမှတစ်ဆင့် လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ထိုမှတစ်ဆင့် မြန်မာနိုင်ငံရှိ မော်လမြိုင် ဆိပ်ကမ်းသို့ ဆက်သွယ်မှာဖြစ်ပါတယ်။ ထို့ပြင် ၁,၃၂၀ ကီလိုမီတာရှည်လျားပြီး ကပ္ပလီပင်လယ်အော် (အိန္ဒိယ သမုဒ္ဒရာ) နှင့် တောင် တရုတ်ပင်လယ်သို့ ဆက်သွယ်မှာဖြစ်ကာ တောင်- မြောက်စီးပွားရေးစင်္ကြံတစ်လျှောက်ရှိ ထိုင်းနိုင်ငံရှိ Tak နှင့် Phitsanulok သို့ ဆက်သွယ်မှာ ဖြစ်ပါတယ်။

အဆိုပါစင်္ကြံအနေနဲ့ မြန်မာနိုင်ငံရှိမော်လမြိုင်-မြဝတီလမ်းပိုင်း၊ ထိုင်းနိုင်ငံရှိ Mae Sot-Phitsanulok-Khon Kaen-Kalasin-Mukdahan လမ်းပိုင်း၊ လာအိုနိုင်ငံရှိ Savannakhet-Dansavanh လမ်းပိုင်းနှင့် ဗီယက်နမ်နိုင်ငံရှိ Lao Bao-Hue- Dong Ha- Da Nang တို့သို့ ဆက်သွယ်ထားသော လမ်းပိုင်းဖြစ်ပါတယ်။

**တောင်ပိုင်းစီးပွားရေးစင်္ကြန်**

တောင်ပိုင်းစီးပွားရေးစင်္ကြံဟာ ဂျီအမ်အက်စ် အဖွဲ့ဝင်နိုင်ငံတွေရဲ့ တောင်ဘက်ပိုင်းမှာရှိတဲ့ အဓိက မြို့တော်များကို ဆက်သွယ်ထားတဲ့စင်္ကြံဖြစ်ပါတယ်။ အဆိုပါစင်္ကြံဖွံ့ဖြိုးတိုးတက်စေရေးအတွက် စင်္ကြံခွဲ များနဲ့ ဒေသတွင်းအပြန်အလှန်ဆက်သွယ်တဲ့စင်္ကြံများနဲ့ချိတ်ဆက်ထားပါတယ်။ စင်္ကြံခွဲများကတော့ အလယ်ဗဟိုပိုင်း စင်္ကြံခွဲ၊ မြောက်ပိုင်းစင်္ကြံခွဲနှင့် တောင်ပိုင်းကမ်းရိုးတန်း စင်္ကြံခွဲတို့ဖြစ်ပါတယ်။

အလယ်ဗဟိုပိုင်းစင်္ကြံခွဲအနေနဲ့ Bangkok - Phnom Penh-Ho Chi Minh City - Vung Tau လမ်းပိုင်း တို့ဖြစ်ပြီး၊ မြောက်ပိုင်းစင်္ကြံခွဲအနေနဲ့ Bangkok-Siem Reap-Stung Treng-Rattanakiri-O Yadov-Pleiku-Quy Nhon တို့ဖြစ်ကာ တောင်ပိုင်းကမ်းရိုးတန်းစင်္ကြံခွဲအနေနဲ့ Bangkok - Trat -Koh Kong – Kampot - Ha Tien - Ca Mau City - Nam Can တို့ဖြစ်ပါတယ်။ ဒေသတွင်း ချိတ်ဆက်ပေးတဲ့ လမ်းခွဲစင်္ကြံများအနေနဲ့ Sihanoukville-Phnom Penh-Kratie-Stung Treng - Dong Kralor (Tra Pang Kriel) - Pakse-Savannakhet တို့ဖြစ်ပြီး အဆိုပါ စင်္ကြံအခွဲများအနေနဲ့ တောင်ပိုင်းစွန်း စီးပွားရေးစင်္ကြံနဲ့ အရှေ့-အနောက်စီးပွားရေးစင်္ကြံများကို ဆက်သွယ်ပေးမှာ ဖြစ်ပါတယ်။

အဆိုပါဦးစားပေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ခြင်းမှသည် ဂျီအမ်အက်စ် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေပြီး လူနေမှုအဆင့်အတန်း၊ စီးပွားရေးအလားအလာ၊ ဒေသတွင်းကျန်းမာရေး၊ ပညာရေး၊ သဘာဝပတ်ဝန်းကျင်အစရှိသော အခန်းကဏ္ဍများဖွံ့ဖြိုးတိုးတက်လာပြီး အခြားဖွံ့ဖြိုးပြီး အာဆီယံနိုင်ငံများအား အမှီလိုက်နိုင်မှာဖြစ်ပါတယ်။

၁။ Source: www.adb.org
၂။ How can Mekong Region maximize the benefits of Economic Integration: A Cambodian Perspective by Chap Sotharith
၃။ GMS Economic Cooperation and Its Impact on CLMV Development



# လူထုကျန်းမာရေးနှင့် ဆေးလိပ်အန္တရာယ် ကာကွယ်တားဆီးရေး

| ခင်ဆောင်းဟေသီ |

ကမ္ဘာပေါ်တွင် ဆေးလိပ်အပါအဝင် မူးယစ်ဆေးဝါးသုံးစွဲမှု ကြောင့် ကျန်းမာရေးချို့တဲ့လာခြင်း၊ အရွယ်မတိုင်ခင် သေဆုံးခြင်း၊ ကိုယ်စွမ်းအားဉာဏ်စွမ်းအားကျဆင်းလာခြင်း၊ ဥပဒေချိုးဖောက်ခြင်း၊ စီးပွားပျက်ခြင်းနှင့် မကောင်းမှုကျူးလွန်လာခြင်းတို့နေ့စဉ်နှင့်အမျှ ပေါ်ပေါက်လျက်ရှိသည်။ ဝိသမလောဘ သားကောင်များ၏ ကိုယ်ကျိုး ရှာလိုသော စိတ်နှင့် ကိုယ်ချင်းစာနာစိတ်ကင်းမဲ့မှုများ ကြောင့် လူငယ်တော်တော်များများမှာ မူးယစ်ဆေးစွဲသူများအဖြစ်သို့ ရောက်ရှိကြရပြီး လူ့အသိုင်းအဝန်းနှင့် မိသားစုအတွက် ဝန်ထုပ်ဝန်ပိုးအဖြစ်သို့ရောက်ရှိရလေသည်။



ဘုရားရှင်လက်ထက် (၅)ပါးသီလတွင် (၁)ပါး အပါအဝင် ဖြစ်သော ဘိန်းဘင်း ကဇော်၊ လေ့ဘ်စာ၊ အရက်၊ ဆေးလိပ်တို့ သောက်သုံး ခြင်းကို ရှောင်ကျဉ်ရန် တားမြစ်ခဲ့သည်။ ဆေးလိပ်သည် စွဲလမ်းမှုကို ဖြစ်ပေါ်စေသော မူယစ်ဆေးတစ်မျိုးဖြစ်ပြီး နီကိုတင်း ဓာတ်ကြောင့် လူတို့၏ကျန်းမာရေးကိုတစတစ ဆုတ်ယုတ်လာစေသည်။

၂၀၁၅ ခုနှစ်အတွင်း ကမ္ဘာ့လူဦးရေသည် သန်း (၇၀၀၀) ရှိနေပြီး ၂၀၅၀ ခုနှစ်တွင် သန်း (၉၆၀၀) အထိ တိုးလာမည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။ ကမ္ဘာပေါ်တွင် လက်ရှိဆေးလိပ်သောက်သုံးသူ အရေအတွက်မှာ(၁. ၁ ဘီလီယံ)ကျော်ရှိသည်ဟု ခန့်မှန်းထားကြောင်း သိရှိရပြီး နောက်ထပ် ဆယ်စုနှစ် (၂)စုအတွင်း (၁. ၆ ဘီလီယံ) ကျော်ထိ တိုးလာမည်ဟု ခန့်မှန်းတွက်ချက်ထားပါသည်။ အာဆီယံဒေသတွင်း လူဦးရေပေါင်း(၆၂၈. ၃) သန်းကျော်ရှိသည့်အနက် အရွယ်ရောက် သူလူဦးရေမှာ (၄၂၃. ၃သန်း)ကျော် ရှိသည်ဟုသိရှိရသည်။ အရွယ်ရောက်သူ အာဆီယံလူငယ်ထု၏ ၃၀%(၁၂၇သန်း) ခန့်သည် လက်ရှိဆေးလိပ်သောက်သုံးဆဲဖြစ်ကြောင်း သိရှိရသည့်အတွက် ကမ္ဘာပေါ်ရှိဆေးလိပ်သောက်သုံးသူ လူဦးရေ၏ ၁၀% ရှိကြောင်း သိရှိရသည်။

အာဆီယံဒေသတွင်း အမျိုးသားများ၏ ဆေးလိပ်သောက်သုံးနှုန်းမှာ အမြင့်ဆုံးဖြစ်ပြီး ယခုအခါ ဆေးလိပ်စီးကရက်စက်ရုံများသည် ၎င်းတို့၏အကျိုးစီပွားကြီးထွားလာမှုအတွက် ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ်ဖြန့်ဖြူးကြသဖြင့် အာဆီယံဒေသတွင်း အမျိုးသမီးထုနှင့် လူငယ်ထုများအကြားတွင်လည်း ဆေးလိပ်သောက်သုံးနှုန်းမှာ လျင်လျင်မြန်မြန် တိုးတက်လာနေပါသည်။ နောက်ဆက်တွဲအကျိုးဆက်အဖြစ် ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်သုံးမှုကြောင့် သေဆုံးသူဦးရေ၏ ၁၀% သည် အာဆီယံဒေသတွင်း နေထိုင်သူများဖြစ်ပြီး ဆေးလိပ်သောက်သူ (၁၀)ဦးတွင် (၁)ဦးဆုံးရှုံးလျက်ရှိကြောင်း သိရှိရသည်။

ဆေးလိပ်သည် စွဲလမ်းစေခြင်းနှင့် အရွယ်မတိုင်ခင် သေဆုံးစေခြင်းတို့ဖြစ်ပေါ်စေပါသည်။ ဆေးလိပ်သည် လူတို့၏ ကျန်းမာရေး၊ လူမှုရေးကိစ္စများနှင့် ပတ်ဝန်းကျင် လူ့အသိုင်းအဝန်းကို မွေနှောက်ဖျက်ဆီးရုံသာမက နောက်ဆက်တွဲ စီပွားရေးပျက်စီးဆုံးရှုံးမှုကို ဖြစ်ပေါ်စေပါသည်။ ဆေးလိပ်ထုတ်ကုန်သည် အခြားသော ကုန်ပစ္စည်းများနှင့် မတူကြောင်းနှင့် ဆေးလိပ်သောက်သုံးမှု၏ မကောင်းသော အကျိုးဆက်များကို ဖြစ်ပေါ်စေနိုင်ကြောင်း ဖော်ထုတ်ရန်လိုအပ်ပါသည်။ အလားတူစွာ ဆေးလိပ်စက်ရုံများသည် အခြားစက်ရုံများနှင့်မတူပဲ ၎င်း၏ အန္တရာယ်ရှိသော ထုတ်ကုန်များနှင့် လူသတ်ထွက်ကုန်များအဖြစ် တိုးမြှင့်ထုတ်လုပ်၍ ကျူးကျော်ရန်စလျက်ရှိနေပါသည်။

အစိုးရများအနေဖြင့် ဆေးလိပ်အစရှိသော ကျန်းမာရေးကို အန္တရာယ်ရှိစေသော ထုတ်ကုန်ပစ္စည်းများထုတ်လုပ်နေသည့် စက်ရုံများနှင့် ၎င်း၏ထွက်ကုန်များအတွက် ပိုမိုတင်းကြပ်သည့် စည်းမျဉ်း စည်းကမ်းများထုတ်ပြန်ရန်လိုအပ်လျက်ရှိပါသည်။ ဆေးလိပ်စက်ရုံများအနေဖြင့်လည်း ၎င်းတို့၏ ထွက်ကုန်နှင့် အကျိုးစီးပွားကိုကာကွယ်ရန်၊ ၎င်းတို့၏ စီပွားရေးပုံမှန်လည်ပတ်နိုင်ရန်နှင့် အစိုးရ၏ ဥပဒေရေးရာ အားနည်းမှုကို အနိုင်ယူရန် ငွေကြေးဒေါ်လာသန်းပေါင်းများစွာ အကုန်အကျခံကာပြည်သူလူထုနှင့် အစိုးရ၏ပေါ်လစီ အပေါ် လွှမ်းမိုးနိုင်ရန် ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ လူငယ်များကြားတွင်လည်း


> ဆေးလိပ်သည် စွဲလမ်းစေခြင်းနှင့် အရွယ်မတိုင်ခင် သေဆုံးစေခြင်းတို့ဖြစ်ပေါ် စေပါသည်။ ဆေးလိပ်သည် လူတို့၏ ကျန်းမာရေး၊ လူမှုရေးကိစ္စများနှင့် ပတ်ဝန်းကျင် လူ့အသိုင်းအဝန်းကို မွှေနှောက်ဖျက်ဆီး ရုံသာမက. . .



ဆေးလိပ်သောက်သုံးသူဦးရေ ပိုမိုများပြားလာသည်။ ၂၀၁၂ ခုနှစ် စစ်တမ်းသုတေသနအရ ရန်ကုန်နှင့် မန္တလေး မြို့ကြီး(၂)မြို့ရှိ အမျိုးသား ဦးရေ၏ ၃၀% သည် ဆေးလိပ်သောက်သုံးသူများ ဖြစ်ကြောင်း သိရှိရသည်။ ထပ်ဆင့်၍ မြို့နေ ဆေးလိပ်သောက်သူ အမျိုးသား ၁၅% သည် ရိုးရာ ဆေးပြင်းလိပ်သောက်သုံးသူများဖြစ်ကြောင်း သိရှိရသည်။ ကွမ်းစားသုံးခြင်းသည် ကျေးလက်ဒေသတွင် ပိုမိုပြန့်နှံ့လျက်ရှိသည်။ မြန်မာ့လူဦးရေ၏ ၇၀% သည် တစ်နည်းတစ်ဖုံဖြင့် ဆေးရွက်ကြီးသုံးစွဲလျက်ရှိကြောင်း သိရသည်။ ကျေးလက်ဒေသနေလူထုမှာ ကွမ်းစားကြကြောင်းဖော်ပြထားသည်ဟု သိရှိရသည်။ အဘယ်ကြောင့်ဆိုသော် ကွမ်းစားခြင်းသည် ပို၍ စရိတ်စကသက်သာသောကြောင့်ဖြစ်သည်။ လေ့လာချက်များအရ ၁% မှ ၂% သော မြို့နေ အမျိုးသမီးများသည် စီးကရက် သောက်သုံးကြကြောင်း သိရှိရပါသည်။

၂၀၁၃ ခုနှစ်ကုန်ကာလအတွင်း ကမ္ဘာ့ဒုတိယ အကြီးဆုံး ဆေးလိပ်ထုတ်လုပ်သည့် ကုမ္ပဏီဖြစ်သော ဗြိတိန်-အမေရိကန် ဆေးလိပ်ကုမ္ပဏီကြီးမှ ဒေသတွင်း ဆေးလိပ်ထုတ်လုပ်သူများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန် ပြန်လည်ဝင်ရောက်လာချိန်တွင် မြန်မာနိုင်ငံ၏ ဆေးလိပ်ဈေးကွက်သည် လှုပ်ခါလာတော့သည်။ နေရာအနှံ့အပြားတွင် လန်ဒန်စီးကရက် တံဆိပ်များပြန်နှံ့လျက်ရှိသည်။ တရားမဝင် တင်သွင်းလာသည့် အကောက်ခွန်လွတ် စီးကရက်များ (duty-free cigarettes) ယှဉ်တွဲပေါ်ပေါက်လာမှုများကြောင့် ကျန်းမာရေးဝန်ကြီးဌာန၏ လက်ရှိထုတ်ပြန်ထားသည့် ဆေးလိပ်၊ ဆေးရွက်ကြီး ဆန့်ကျင်ရေးဥပဒေကို ပြန်လည်အတည်ပြုပြဋ္ဌာန်းခဲ့ကြောင်း လည်းသိရှိရပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဆေးလိပ်သောက်သုံးမှုထိန်းချုပ်ရေး သဘောတူညီချက် မူဘောင်ညီလာခံ (WHO Framework Convention on Tobacco Control) သည် ကမ္ဘာ့ပထမဆုံး လူထုကျန်းမာရေးဆိုင်ရာ တွေ့ထိမှုကြီးပင်ဖြစ်သည်။ ၎င်းညီလာခံသည် ကမ္ဘာ့လူဦးရေ၏ ၈၇% ကျော်အား ကိုယ်စားပြုသည့် အဖွဲ့ပေါင်း (၁၇၆) ဖွဲ့၏ ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေး ရပ်တည်မှုများအနက် အရေးကြီးဆုံးသော လုပ်ငန်းကြီး တစ်ခုပင်ဖြစ်သည်။ သို့သော်လည်း အမေရိကန်နိုင်ငံမှ အဆိုပါသဘောတူညီချက်အား သဘောတူ လက်မှတ်ရေးထိုးခြင်းမရှိကြောင်း သိရှိရပါသည်။ မည်သို့ပင်ဆိုစေကာမူ ဆေးလိပ်နှင့် ဆက်စပ်ဖြစ်ပေါ်စေသော မူးယစ်ဆေးဝါးသောက်သုံးမှုကိုဖြစ်စေတတ်ပြီး လူထု၏ကျန်းမာရေးနှင့် စီးပွားရေးကို ပျက်စီးဆုံးရှုံးစေတတ်သည့် လူငယ်တို့၏ ဘဝတက်လမ်းကို အနှောက်အယှက်ဖြစ်စေသော ဆေးလိပ်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှုကို တားဆီးကာကွယ်ကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။




# Infographic အကြောင်း တစေ့တစောင်း

|မယု (စက်မှု)|


Infographics ဆိုသည်မှာ information graphic ၏ကိုယ်စားပြု သော အသုံးအနှုန်းဖြစ်သည့် ရုပ်ပုံဒီဇိုင်း များထဲမှ သတင်းအချက် အလက်ဟု အဓိပ္ပါယ်ရပါသည်။ layman ဟုခေါ် သော သာမာန်လူများ၊ အရပ်သားများအား သတင်းအချက်အလက်ဆိုင်ရာ ထုတ်ပြန်ဖြန့်ဝေ ရာ တွင် တစ်ချက်ကြည့်ရုံမျှဖြင့် ရှင်းရှင်းလင်းလင်းနှင့် အတိုချုပ် နားလည်လွယ်ကူစွာ သိမြင်နိုင်စေရန် တီထွင်ဖန်တီးမှု တစ်ရပ်ပင် ဖြစ်ပါသည်။ သတင်းအချက်အလက်များ ထုတ်ပြန်ရာတွင် အလှအသီးသီးမှ လူတိုင်းစိတ်ဝင်စားစေရန် ရုပ်ပုံဒီဇိုင်းများနှင့် အတူ သတင်းအချက်အလက်များ ထည့်သွင်းဖော်ပြသော နည်းပညာ တစ်ရပ်ပင်ဖြစ်ပါသည်။ အဓိကကျသည့် Key Message ကို Highlight လုပ်ကာဖော်ပြခြင်းဖြင့် ရှင်းလင်းလွယ်ကူရုံသာမက ပြည်သူများအား ပေးချင်သည့် သတင်းအချက်အလက်များ ထင်ရှားစေနိုင်ပါသည်။

Infographics အသုံးပြုမှုသည် ရှေးယခင်အချိန်ကတည်းကပင် ဂူအောင်းလူသားများ အသုံးပြုခဲ့ကြောင်း အထောက်အထားများကို ယနေ့ခေတ်လူသားများ ရှာဖွေတွေ့ရှိခဲ့ပြီးဖြစ်သည်။ ရှေးခေတ်လူသားများအကြား ဘာသာစကား (Language) မပေါ်ပေါက်သေးမီ ကာလများတွင် လူတို့သည် ဥမင်များ၊ လိုဏ်ဂူများအတွင်း ၎င်းတို့၏ စိတ်ကူးပုံရိပ်များ၊ စိတ်ကူးအတွေးများ၊ အိပ်မက်များကို ပန်းချီများဖြင့် ဂူနံရံများတွင် ရုပ်ပုံကားချပ်များ၊ မြေပုံကားချပ်များသဖွယ် ဖန်တီးရေးဆွဲမှုများသည် သမိုင်းဦး Infographics နမူနာများပင် ဖြစ်လေသည်။ ထို့ကြောင့် Infographics ဖန်တီးခြင်း၏ လုပ်ငန်းစဉ်သည် ကိန်းဂဏန်းများနှင့် သတင်းအချက်အလက်များကို ရုပ်ပုံဒီဇိုင်းများဖြင့် အနှစ်ချုပ်ပုံဖော်ခြင်းကို ကိုယ်စားပြုလေသည်။

ယခုအခါ လူများသည် Infographics အသုံးပြု၍ လျင်မြန်စွာ သတင်းပေးပို့ချိတ်ဆက်နိုင်ရန်၊ မြောက်များစွာသော ပမာဏရှိစာရင်းအင်းအချက်အလက်များ၊ ကိန်းဂဏန်း data များ နှင့် အတွေးအခေါ်များကို ရှင်းလင်းစွာ ပြသနိုင်ရန်၊ data များ၏ ပုံသဏ္ဍာန်များ (patterns)နှင့် ဆက်စပ်ဆက်နွယ်ပုံ (relationship) သိမြင်စေရန်နှင့် အချိန်နှင့်အမျှ ပြောင်းလဲနေသော ကိန်းဂဏန်းများကို စောင့်ကြည့်နိုင်ရန်အတွက် Infographics ကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာပြီဖြစ်ပါသည်။ Infographics သည် လူထုပတ်ဝန်းကျင် အားလုံးနီးပါးတွင် ပုံသဏ္ဍာန် အမျိုးမျိုးဖြင့် အသုံးပြုလျက်ရှိပြီး ယာဉ်အသွားအလာပြသသော ယာဉ်ကြောပြ အမှတ်အသားများ (traffic signs)၊ မြေအောက်ရထား လမ်းကြောင်းပြ မြေပုံများ(subway maps)၊ ပန်းခြံ များအတွင်း လမ်းကြောင်းပြ မြေပုံများ၊ ချိတ်ဆွဲပြသည့် ညွှန်ပြကတ်များ၊ ဂီတဆိုင်ရာ ရမှတ်များ၊ ရာသီဥတုပြပုံစံကားချပ်များစသော မြောက်များစွာသော ကိစ္စရပ်များတွင် အသုံးပြုလာကြပြီဖြစ်သည်။ အဆင့်မြင့်ကိန်းဂဏန်းများ ဖော်ပြနိုင်ရန်အတွက် အုပ်ချုပ်မှုဆိုင်ရာအလွှာအသီးသီးမှလည်း ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများတွင် Infographics ကို အသုံးပြုလာကြပြီ ဖြစ်ပါသည်။


Infographics ဖော်ပြမှုများတွင် bar graphs, pie charts, histograms, line charts, tree diagrams, mind maps, Gantt charts, and network diagrams ထည့်သွင်း အသုံးပြုကြသည်။ Infographics အသုံးပြုမှုကို စီးပွားရေးဆိုင်ရာ လုပ်ငန်းများ မြှင့်တင်ခြင်းလုပ်ငန်းများ၏ အစိတ်အပိုင်းအဖြစ် ရံဖန်ရံခါအသုံးပြုလာကြောင်း သိရှိရသည်။ များပြားလှသည့် စုစည်းထားသော ကိန်းဂဏန်း အချက်အလက်ပမာဏများ မြင့်တက်လာမှုအရ ပြည်သူလူထု ကြားနားလည်သဘောပေါက်စေရန် ကိန်းဂဏန်းများနှင့် အတူ သတင်းအချက်အလက်များ ထည့်သွင်းဖော်ပြခြင်းအားဖြင့် Infographics အသုံးပြုမှု ပိုမိုရေပန်းစားလာခြင်းဖြစ်သည်။

၁၆၂၆ ခုနှစ်တွင် Christoph Scheiner က နေ၏ လှည့်ပတ်ခြင်းကို သုတေသနပြုလုပ်ခဲ့ပြီး ၎င်းသုတေသနအရ နေ၏ လှည့်ပတ်ခြင်း ပုံစံကို "Rosa Ursina sive Sol" စာအုပ်အဖြစ် ထုတ်ဖော်ပြောကြား၍ ရေးသားထုတ်ဝေခဲ့သည်။ နေ၏လှည့်ပတ်သည့် ပုံစံအားရုပ်ပုံများဖြင့် ထည့်သွင်းဖော်ပြခြင်းဖြင့် ပိုမိုထင်ရှားပေါ်လွင်စေခဲ့ရာ ၎င်းခေတ်အခါမှစ၍ Infographics အသုံးပြုမှု စတင်လာခဲ့လေသည်။




Heliotropii Telioscopici, siue Telioscopii Heliotropici figura; qua Machina Macularum Cursus absq. ullo perpendiculo, aut laboriosa Eclipticæ ad verticalem Circulum inclinatione aquiritur.

၁၇၈၆ ခုနှစ်တွင် နိုင်ငံရေးဆိုင်ရာ စီးပွားရေး ပါရဂူ William Playfair ထုတ်ဝေခဲ့သည့် The Commercial and Political Atlas စာအုပ်တွင် ပထမဆုံး ကိန်းဂဏန်း အချက်အလက်များကို ရုပ်ပုံဒီဇိုင်းဖြင့် ထုတ်ဝေခဲ့သည်။ ၁၈ ရာစုနှစ်တွင် Playfair က အင်္ဂလန်နိုင်ငံ၏ စီးပွားရေး အခြေအနေကို ကိန်းဂဏန်းစာရင်းဇယားများ၊ bar charts၊ line graphs၊ area charts နှင့် histograms များဖြင့် ကိုယ်စားပြုဖော်ပြခဲ့သည်။ သူသည် ပထမဆုံး piechart ကို စတင်မိတ်ဆက်သူအဖြစ်လည်း မှတ်တမ်းတင်ထား ကြောင်း သိရပါ သည်။




၁၈၂၀ ခုနှစ် ဝန်းကျင်က Carl Ritter သည် ခေတ်သစ် ပထဝီဘာသာကို စတင် တည်ထောင်ခဲ့သည်။ သူ၏မြေပုံဖော်ပြချက်များတွင် အစိတ်အပိုင်းများနှင့် လမ်းကြောင်းများ၏ အကြောင်းအဓိပ္ပါယ်ဖော်ပြမှုများ၊ အတိုင်းအတာများ၊ ဘောင်ခွဲဝေသတ်မှတ်မှုများ၊ ထပ်ခါ တလဲလဲဖော်ပြမှုများ၊ တိကျမှန်ကန်မှုများ ထည့်သွင်း ဖော်ပြခဲ့သည်။ ၎င်းမြေပုံတွင် "supersign" ကဲ့သို့သော လက်မှတ် ရောထွေးဖော်ပြသောစနစ်ဖြင့် သတ်မှတ် ဖော်ပြခဲ့သည်။ ၎င်းစနစ်တွင် symbols သင်္ကေတများ၊ icons ပုံများ၊ indexs အညွှန်းများဖြင့် ကိုယ်စားပြုဖော်ပြ ထားကြောင်း သိရှိရပါသည်။ ၁၈၅၇ ခုနှစ်တွင် သူနာပြု Florence Nightingale မှ information graphics အသုံးပြု၍ စစ်ဆေးရုံများ၏ တိုးတက်မှုအခြေအနေ အစီရင်ခံစာအား ဘုရင်မကြီး Queen Victoria အား ယုံကြည်လက်ခံလာအောင်တင်ပြနိုင်ခဲ့သည်။ သူမသည် ခရိုင်းမီးယားစစ်ပွဲ အတွင်း လအလိုက် လူသေဆုံးမှုများကို Coxcomb chart များ၊ stacked bar နှင့် pie charts များ အဓိက ပေါင်းစပ် အသုံးပြု၍ ရေးဆွဲပြသခဲ့သည်။

၁၈၆၁ ခုနှစ်က နပိုလီယံ၏ Napoleon's March on Moscow ဘာသာရပ်တွင် information graphic လွှမ်းမိုးအသုံးပြုထားကြောင်း တွေ့ရှိရသည်။




၂၀၀၀ ခုနှစ်မှစတင်၍ အမျိုးမျိုးသော ထုတ်ကုန် များနှင့် ကစားနည်းများကို ဖန်တီးရန်အတွက် Adobe Flash ဆော့ဝဲအခြေခံဖန်တီးထားသော အင်တာနက်မှ ရုပ်ပုံ လှုပ်ရှားမှုများအသုံးပြု၍ များပြားလှသော infographics ဖန်တီးမှုများပြုလုပ်ခဲ့ကြသည်။ ၂၀ ရာစု အစောပိုင်းကာလမှစ၍ တယ်လီဗေးရှင်းရုပ်/သံတင် ဆက်မှုများတွင် ကြည့်ရှုသူများ၏ အတွေ့အကြုံများ ကြိုက်နှစ်သက်မှုများကိုလေ့လာခဲ့ပြီး တယ်လီဗေးရှင်း အစီအစဉ်များတွင် infographics ထည့်သွင်းပေါင်းစပ် တင်ဆက်ခြင်းများ လုပ်ဆောင်ခဲ့ကြလေသည်။ နမူနာ အနေဖြင့် ၂၀၀၂ ခုနှစ်က နော်ဝေမှ ဂီတပညာရှင်များက ၎င်းတို့၏ ပေါ့သီချင်းဗီဒီယို "Remind Me." ကို infographics ဖန်တီးလှုပ်ရှားမှုများဖြင့် သီကုံးရေးဖွဲ့ခဲ့ကြကြောင်း သိရှိခဲ့ ရသည်။

ယခုအခါ အာဆီယံနိုင်ငံများတွင် သာမက ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း စီးပွားရေး ကွန်ယက်များ၊ လူမှုရေးသတင်းမီဒီယာများ၊ အညွှန်းကိန်းများ၊ ပြည်သူ လူထုကို ဆွဲဆောင်သည့် ကြော်ငြာများ၊ တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို infographics ဖန်တီးမှု များပြုလုပ်၍ သတင်းအချက်အလက်များ ထုတ်ပြန်နေ

ပြီဖြစ်ကြောင်း သိရှိရပါသည်။ သို့ဖြစ်ပါ၍ infographics အသုံးပြုမှုသည် ကမ္ဘာ့လူသားအားလုံးအတွက် အရေးပါသည့် သတင်းအချက်အလက်ထုတ်ပြန်သည့် ခေတ်မီကိရိယာတစ်မျိုးဖြစ်ပြီး ဈေးကွက်စီးပွားရေး ဖော်ဆောင်သည့် Website များနှင့် Internet များတွင် တွင်တွင်ကျယ်ကျယ်အသုံးပြုနေသည်ကို တွေ့မြင်နေရကြောင်းဖြင့် Infographic အကြောင်းတစေ့တစောင်းရေးသားဖော်ပြလိုက်ရပါသည်။






ညဘက်တီဗီကြည့်ရင်း ငြင်းခုံသံလေးများကိုလည်းပြန်လည်ကြားယောင်နေမိသည်။ ကြည့်ချင်သောရုပ်ရှင်ကားများကို ညှိနှိုင်းပြီး ကြည့်ခဲ့ရတာတွေကိုသတိရမိသည်။ တစ်ခါတစ်ရံ မိုဘိုင်းဖုန်းသုံးတာကြာနေတာကြောင့် စာကျက်စေချင်တဲ့ စိတ်နဲ့ အော်ဟစ်ခဲ့သည့်ပုံရိပ်တွေလည်း ဟိုမှာ၊ သည်မှာ ပေါ်ပေါ်လာသလိုခံစားရသည်။ ခုတော့ ဘာအလုပ်မှ မရှိတော့သလို လစ်ဟာနေသည်။ ကိုယ့်အတွက် တိုးတက်မှုရှိနိုင်သည့် စာပေများလေ့လာမည်ဆိုတော့လည်း အတွေးများကြောင့် ထင်သလောက်ခရီးမရောက်ခဲ့ပဲ ယောင်ချာချာဖြစ်လို့နေသည်။

မိဘများကိုတစေ့တစောင်းလေ့လာတော့လည်း သူတို့လည်းကိုယ့်လိုပင် ပေပြေလျော့လျော့ ဖြစ်သွားတာတွေ့ရသည်။ သမီးမရှိတဲ့ အိမ်အခြေအနေက တော်တော်ကို ဘဲ တိတ်ဆိတ်ခြောက်ကပ်နေမှန်း သိသာသည်။ ဒါကြောင့်ပင် ကလေးများကို "အိမ်၏ဆည်းလည်းလေးများ"ဟု တင်စားရခြင်းကို လက်ခံမိသည်။ သမီးရှိစဉ်က အဖိုး၊ အဖွားများကို ဆေးယူတိုက်တာတို့၊ အအေး၊ အပူဖျော်တိုက်တာတို့၊ ရေမိုးချိုးရင်စောင့်ကြည့်တတ်တာတို့လုပ်တတ်သည့်အတွက် အဖိုးအဖွားများက ထုတ်ဖော်မပြောသော်လည်း ကျေနပ်မှုကြောင့် မျက်လုံးအရောင်လေးများဝင်းလက်နေသည် ကို တွေ့ရှိခဲ့ရသည်။ အခုတော့ အမေ၊ အဖေတို့မျက်လုံးကလဲ အရောင်တွေမှဲ့လို့နေသည်။ တစ်လတစ်ခါ သမီးကိုတွေ့ရန် ဘော်ဒါကျောင်းသို့သွားရမည့်အချိန်ဆို သူတို့ရဲ့အပျော်တွေက အပြင်ကို ခုန်ပေါက်ထွက်လာသလို ထင်ရသည်။ "ငါ့မြေးက ဝက်သားဟင်းဆိုအရမ်းကြိုက်တယ်၊ များများချက်သွား၊ သူ့အတွက် ဘာတွေဝယ်အုံးမှာလဲ၊ ငါစုထားတဲ့ပိုက်ဆံလေးထဲက ပေးလိုက်မယ်၊ ဖုန်းဆက်ဖို့လည်းပြောအုံး"စသည်ဖြင့် မြေးအတွက် အပျော်လွန်နေသည်က အဖေ ပင်ဖြစ်သည်။ အမေကတော့ သူ့မြေးကို ကျန်းမာရေးကို ဂရုစိုက်တတ်အောင်သင်ပေးဖို့ကိုဘဲ တတွတ်တွတ်မှာ ကြားနေသည်။ အဝေးမှာရှိနေတဲ့မြေးကို ဘုရားရှိခိုးပြီး မေတ္တာပို့အမျှဝေနေသည်ကိုလည်း အကြိမ်ကြိမ် ကြား ရသည်။ "သားအချစ်၊ မြေးအနှစ်" ဆိုသည့် စကားပုံကို အမှတ်ရမိသည်။

အဖေသည် ကျွန်မတို့ငယ်ငယ်တုန်းက သားသမီးများကို အသေးစိတ်ဂရုစိုက်တာမျိုး မရှိခဲ့ပါ။ ဆယ်စုနှစ်များ တစ်စုပြီးတစ်စု ကုန်လွန်လာခဲ့သည်နှင့်အမျှ အဖေ့ရဲ့ ပုံသဏ္ဍာန်သည်လည်း ပြောင်းလဲသွားခဲ့သည်။ အရင်ကသူရှာဖွေကျွေးမွေးခဲ့ပေမဲ့ အခုအနားပြန်ရချိန် ကျွန်မတို့ ပြန်စောင့်ရှောက်နေချိန်မှာ အဖေသည် သားသမီးများကို မျက်စိအောက်ကပျောက်မှာ စိုးရိမ်နေသကဲ့သို့ဖြစ်နေသည်။ မြေးကိုတော့ ပို၍ အပျောက်မခံချင်ခဲ့ပေ။ မရောက်လာနိုင်သေးပဲ အချိန်ကုန်ခံပြီး စောင့်ဆိုင်းနေတာမျိုး၊ လူအများအကြား မရှာဖွေနိုင်ပဲ သွားရောက်ကြိုဆိုချင်တာမျိုးများကို လုပ်လာခဲ့သည်။ ပြောလို့လည်း မရခဲ့။ သူ့မြေးကျောင်းကို သွားကြို/ပို့လုပ်တာမျိုးတွေ အရင်က တက်တက်ကြွကြွလုပ်ခဲ့သည့် အဖေသည် ယခုနှစ် သူ့မြေး ကိုလိုက်ပို့/ကြိုစရာမရှိတော့ ကျွန်မလိုပင်ယောင်ချာချာ ဖြစ်နေခဲ့ သည်။

အတွေးများသည် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ (International Day of Older Persons) ဖြစ်သော အောက်တိုဘာလ(၁)ရက်နေ့ကို ရောက်သွားခဲ့လသည်။ ဖတ်ခဲ့ရဖူးသည့်ဆောင်းပါးများကို သတိတရဖြစ်မိပါသည်။ ဇရာပိုင်းရောက်လာသည့် ဘဝတွင် စိန်ခေါ်မှုများစွာရှိနိုင်သလို အခွင့်အလမ်းကောင်းများပေးနိုင်သည့်သူများသည် သက်ကြီးရွယ်အိုများပင်ဖြစ်ကြောင်းဖတ်ရဖူးပါသည်။ ထိုဇရာလူသားများသည် ၎င်းတို့၏ဘဝ အတွေ့အကြုံနှင့် ဆင်ခြင်သုံးသပ်နိုင်စွမ်းပြည့်ဝမှု၊ ရတနာသိုက်များသဖွယ်ပြည့်လျှံနေသည့် သိုမှီးစရာ ဗဟုသုတများနှင့် ပြည့်စုံနေသည့်အတွက် မိသားစုအတွက်ရော၊ အဖွဲ့အစည်းအတွက်ရော အဖိုးမဖြတ်နိုင်သည့် "အံ့ဩဖွယ်ရာလူသားရင်းမြစ်များ" ဖြစ်ကြပါသည်။ တွေ့ကြုံခဲ့ရသည့် အမှားများကို နောင်လူသားများ ထပ်မံမမှားစေရန်လည်း အကူအညီပေးနိုင်စွမ်းရှိပါသည်။

ဇရာလူသားများဖြစ်လာသည်နှင့်အမျှ လုပ်ငန်းခွင်အမျိုးမျိုးမှ အနားယူရသည့် အခြေအနေ များဖြစ်ကြပါသည်။ လူလတ်ပိုင်းဖျတ်လတ်၊ တက်ကြွသည့်အရွယ်တွင် မိမိလုပ်ငန်းခွင်အား ဘဝတစ်ခုသဖွယ် တွယ်တာလာခဲ့ကြ

သမျှ အနားယူလိုက်ကြသည့်အခါ ဘုံဗိမာန်လေးတစ်ခု ပျောက်ကွယ်သွားသလိုခံစားကြရပါလိမ့်မည်။ လုပ်ငန်းခွင်အတွင်း အကြောင်းအမျိုးမျိုးဖြင့် ပြောဆိုဆက်ဆံမှုများသည် အနားယူသည့်အခါ နှုတ်ပိတ်တိတ်ဆိတ်၍ နေကြရပါလိမ့်မည်။ အကြောင်းအမျိုးမျိုးဖြင့် ပတ်ဝန်းကျင်များတွင် စကားပြောဆိုသည့်အခါတွင်လည်း စိတ်ထဲဘဝင်မကျမှုများ ရှိကြပါလိမ့်မည်။ တစ်ဖြေးဖြေးနှင့် ခေတ်ကို လက်လှမ်းမမှီနိုင်တော့သည့် အခြေအနေတွင် သိချင်စိတ်များကိုလည်း မှိုသိပ်ကြရပါလိမ့်မည်။ ဘောင်သည်ကျဉ်းလာသည်နှင့်အမျှ လောကကြီးအား လှပသည်ဟု ထင်မြင်စိတ်များကုန်ခမ်းသွားနိုင်ပါသည်။

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှုအရ မိမိတို့နိုင်ငံ၏ လူဦးရေပိရမစ် (Population Pyramid) သည် အိုးပုံသဏ္ဍာန် ရှိသည့်အတွက် လူဦးရေဆုလာဒ် (Demographic Dividend) ရရှိနေသည့် အခြေအနေဖြစ်ပါသည်။ အသက်အရွယ်ကို ၃ပိုင်း-ပိုင်းကြည့်ရသော် ကလေးများအပိုင်းတွင်နည်း၍ လူလတ်ပိုင်းလုပ်နိုင်ကိုင်နိုင်တွင်များပြားပြီး လူကြီးပိုင်းတွင် ပြန်လည်နည်းပါးသွားသည်ကိုတွေ့ရပါသည်။ နောက်ထပ်အနှစ်(၃၀)ကို ကျော်၍ တွေးကြည့်လိုက်မိသည်။ လူလတ်ပိုင်းများသည် လူကြီးများ ဖြစ်လာကြပြီး ကလေးများသည် လူလတ်ပိုင်းသို့ချဉ်းနင်းဝင်ရောက်လာတော့မည်။ သက်ကြီးရွယ်အိုများ အများအပြားဖြစ်လာတော့မည်။ ဒါဆိုရင် သူတို့အတွက် အသက်အရွယ် အိုမင်းမှု ဆုလာဒ် (Longevity dividend) ရရှိအောင် မည်သို့လုပ်ဆောင်ကြမည်နည်း။

ဇရာလူသားများအတွက် မိသားစုများနှင့် အတူတကွ ခွေးထွေးစွာနေထိုင်ခြင်းသည် အကောင်းဆုံးသော အိုမင်းမှုဆုလာဒ်ဖြစ်ပါသည်။ မိသားစုများမှ အဆင့်ဆင့်မွေးဖွားလာကြသည့် မျိုးဆက်များသည် ဘဝနေဝင်ချိန်ကို ရောက်နေသည့် ဇရာလူသားများအတွက် နေ့သစ်တွင် ထွက်ပေါ်လာသည့် ရောင်ခြည်ဦးပင်ဖြစ်ပါသည်။ မိမိ၏ အိုမင်းနေသည့် လက်များဖြင့် မိမိမျိုးဆက်မှ မွေးဖွားလာသည့် လက်သေးသေးနုနုလေးများကို ကိုင်ထားရခြင်းမှာ ဇရာလူသားများအတွက် အဖိုးမဖြတ်နိုင်သည့် ပျော်ရွှင်မှုညွှန်ကိန်းများ ရရှိနိုင်သည်ဟု ထင်မြင်မိပါသည်။ ထိုမှတစ်ဖန် သက်တူရွယ်တူများ စုစည်းနိုင်သည့် အဖွဲ့အစည်းများတွင် တွေ့ဆုံနိုင်ရန် စီစဉ်ပေးခြင်း၊ မှတ်သားခဲ့သည့် အတွေ့အကြုံကို ပုံပြင်ကဲ့သို့ပြန်ပြောပြနိုင်သည့် စကားဝိုင်းများ စီစဉ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် စင်တာများ ဖွင့်လှစ်ပေးခြင်း၊ ဘဝနေဝင်ချိန်နှင့် သက်ဆိုင်သည့် တရားဓမ္မရိပ်သာများ ဖွင့်လှစ်စောင့်ရှောက်ပေးခြင်းတို့သည် အိုမင်းမှုဆုလာဒ်အတွက် အထောက်အကူကောင်းများ ဖြစ်ကြပါသည်။

သက်ကြီးရွယ်အိုများသည် တန်ဖိုးကြီးသည့်လူသားရင်းမြစ်များဖြစ်သလို ကလေးများသည်လည်း တန်ဖိုးကြီးသည့် လူသားရင်းမြစ်များပင်ဖြစ်ပါသည်။ ထိုရင်းမြစ်နှစ်ခုသည် တစ်ခုကိုတစ်ခု အပြန်အလှန်အမှီသဟဲပြုနေသည်ဆိုလျှင် ပိုမိုသင့်လျော်နိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် မိသားစုအိမ်တစ်အိမ်ကို လေ့လာကြည့်ပါက လူလတ်ပိုင်း မိဘများအလုပ်သွားနေချိန်တွင် ကလေးများကို ဇရာလူသားများဖြစ်သည့် အဖိုး၊ အဖွားများလက်ထဲတွင်သာ အပ်နှံခဲ့ကြရခြင်းဖြစ်ပါသည်။ ကလေးများ၏ အဆိုး၊ အကောင်း၊ အကျိုး၊ အကြောင်းမှန်သမျှတို့သည် အဖိုး၊ အဖွားများမှ တစ်ဆင့်သာ မိဘများ ပြန်လည်သိခွင့်ရခဲ့ကြပါသည်။ မိမိမြေးကို ထိန်းကျောင်းနေသည့် အဖိုး၊ အဖွားများသည်လည်း စိတ်ပျို၍ ကိုယ်နုဘဝဖြင့် စိတ်နှင့်ကိုယ် နှစ်ပါးလုံးကျန်းမာကောင်းမွန်ကြသကဲ့သို့ အဖိုး၊ အဖွားနှင့် နေသည့် ကလေးများသည်လည်း အဖိုး၊ အဖွားများ ပြောပြသည့် ပုံတိုပတ်စများဖြင့် အခြားကလေးများထက် လောကကြီးအကြောင်းကို ပိုမိုသိရှိခံစားနားလည်ခွင့် ရရှိနိုင်ကြပါသည်။

မြန်မာနိုင်ငံ၏ လူဦးရေတိုးနှုန်းသည် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ၁. ၀၄ ရှိရာမှ ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ ၀. ၈၉ သို့ ကျဆင်းသွားခဲ့ပါသည်။ လူဦးရေပေါက်ကွဲမှု (population explosion) များစွာဖြစ်ပေါ်နေသည့် နိုင်ငံကြီးနှစ်နိုင်ငံအကြားတွင်နေရသည့် မိမိတို့နိုင်ငံ၏ လူဦးရေတိုးနှုန်းကို ပြန်လည်ဆန်းစစ်ရန် လိုအပ်နေပြီဖြစ်ပါသည်။ နိုင်ငံ

တစ်နိုင်ငံတွင် ကလေးမွေးဖွားနှုန်းလျော့ကျခြင်းက နောင်ဖြစ်လာမည့် ဆယ်စုနှစ်များစွာ အတွက် လူသား အရင်းအနှီး(Human Capital)လျော့ကျခြင်းပင်ဖြစ်ပါသည်။ ထိုသို့လျော့ကျခြင်းသည် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး စသည့်ကဏ္ဍအသီးသီးကို စိန်ခေါ်နေခြင်း ပင်ဖြစ်ပါသည်။ ထိုသို့စိန်ခေါ်နေခြင်းသည်ဘဏ္ဍာ အရင်းအနှီး(Financial Capital)ကိုပါ လျော့ကျစေမည် ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် လူသား အရင်းအမြစ်များပြားမှုနှင့် အရည်အသွေးပြည့်ဝစေရန် ပျိုးထောင်မှုသည် အစိတ်အပိုင်းတစ်ခုအဖြစ်ပါဝင်ပါ သည်။ မိမိနိုင်ငံမှ လူသားအရင်းအမြစ်များ၏ ကြိုးစားအား ထုတ်မှုသည် မိမိနိုင်ငံအတွက် အကျိုးဖြစ်ထွန်းမှုကိုသာ ရှေ့ရှုမည်ဖြစ်ပါသည်။ ရိုးရှင်းစွာ စဉ်းစားရသော် မိသား စုများသည့်အိမ်နှင့် နည်းသည့်အိမ်ဘယ်အိမ်က ပို၍ ပျော်စရာကောင်းမည်နည်း၊ မိမိမိသားစုနှင့် အခြား တစ်စိမ်း မည်သူက အိမ်လုံခြုံမှုပို၍ စိတ်ချရမည်နည်း။ မိမိအိမ်မှအလုပ်ကို လုပ်မည့်လူမရှိ၍ အခြားလူကို အသုံး ပြုရသဖြင့် မိမိအိမ်မှ ငွေအခြားသို့ထွက်မည့် အခြေအနေ သည်ကောင်းနိုင်ပါမည်လား၊ ဒါဆိုရင် ရင်းမြစ်ကောင်းများ တိုးပွားစေရန် မည်သည့် နည်းစနစ်ကောင်းများ ချမှတ်၍ ဆောင်ရွက်မည်၊ စာတွေ့တင်မက လက်တွေ့မှာပါမည်သို့ အကောင်အထည်ဖော်နိုင်ရန် လုပ်ဆောင်မည်စသည် ဖြင့်ဆက်စပ်ပတ်ဝန်းကျင်များမှစဉ်းစားရမည်ဖြစ်ပါသည်။

နောင်တိုးပွားလာမည့် မျိုးဆက်များအတွက် ဖွား/သေမှတ်ပုံတင်(Vital Registration) ပြုလုပ်ခြင်းမှ စတင်၍ ကလေးတစ်ယောက်၏ အခွင့်အရေးကို ရရှိနိုင် စေရန်ကိုသာမက လက်ရှိကလေးများ၏ဘဝကိုလည်း အရွယ်ရောက်သည့်တိုင် ဘေးအန္တရာယ်လုံခြုံစေရန်နှင့် ကျန်းမာပျော်ရွှင်စေရန် လိုအပ်ပါသည်။ ခေတ်အခြေ အနေသည်အလွန်ပင်ကြောက်စရာကောင်းသည့်အခြေ အနေကိုရင်ဆိုင်နေကြရပါသည်။ လူ့ကိုယ်တွင်း ကလီစာ များသည် ငွေပုံများဖြစ်၍နေပါသည်။ ဝိသမလောဘ သမားများ အတွက် ကိုယ်ချင်းစာတရားလည်း ရှိမည် မထင်ပါ။ ထို့ကြောင့် မိမိရင်သွေး များကို စနစ်တကျ ဂရုစိုက်စောင့် ရှောက်သင့်ပါသည်။ နားလည်သိတတ် သည်မှစ၍ အကျိုး အကြောင်းကိုသေချာစွာ ပြောကြား ဆုံးမရန်လိုအပ်ပါ သည်။ မီဒီယာများ၏ အသိပေး မှုကိုလည်း အမြဲမပြတ် လေ့လာ၊ သုံးသပ်၊ လိုက်နာ၊ လုပ်ဆောင်သင့်ပါသည်။ သို့မဟုတ်ပါက သမင်မွေးရင်း၊ ကျားစားရင်းဖြင့် နိုင်ငံတော်၏ အရင်းအမြစ်ကောင်းများ တစ်စစီပြိုကွဲမည် သာဖြစ်ပါသည်။

နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင် ရာတွင်ပညာရေးသည်လည်း အခြေခံကျသည့် အခန်း ကဏ္ဍမှ ပါဝင်နေပါသည်။ ယခုအခါတွင် နိုင်ငံတော်မှ ကလေးများအားလုံးအတွက် မူလတန်းပညာမသင်မနေရ စနစ်ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပါ သည်။ အခမဲ့ပညာရေးစနစ်ကိုလည်း မူလတန်းမှ အထက် တန်းအထိ သတ်မှတ်ပြီးဖြစ်ပါသည်။ လာမည့် ၂၀၁၆ ခုနှစ်တွင် သူငယ်တန်းပညာရေးသင်ရိုးကို အသစ်ပြန် လည်ရေးဆွဲ၍ ကလေးဗဟိုပြုသင်ကြားတော့မည် ဖြစ် ပါသည်။ ကလေးများအတွက် အလွတ်ကျက်မှတ်ခြင်း မှသည် ပုံစံပြောင်း၍ အရာဝတ္ထုများကို မှတ်သားနား လည်မှုဖြင့် စတင်တော့မည်ဖြစ်ပါသည်။ ကလေးများ၏ စရိုက်သဘာဝအရ မည်သည့်နယ်ပယ်တွင် ထူးချွန်နိုင် သည်ကို လေ့လာတော့မည်ဖြစ်ပါသည်။ အစကောင်းမှ အနှောင်းသေချာမည်ဖြစ်၍ ဝမ်းသာမိပါသည်။

နိဂုံးချုပ်အနေဖြင့် ရေးသားရပါမူ နိုင်ငံတော်၏ ရင်းမြစ်ကောင်းနှစ်ခုလုံးအတွက် အခြေခံကျသည့် လူ့အခွင့်အရေးများ၊ အရေးပါသည့် လွတ်လပ်မှုများနှင့် အများလေးစားရသည့် ဂုဏ်သိက္ခာများရရှိရန် အထူး လိုအပ်ပါသည်။ "ယနေ့လူငယ် နောင်ဝယ်လူကြီး" ဟူသော စကားအတိုင်း ကလေးငယ်ငယ်အရွယ်မှစ၍ ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံတွင် ဆင်းရဲချမ်းသာ မရွေး၊ ယောကျာ်းမိန်းမမရွေး စနစ်တကျပြုစုပျိုးထောင်ခြင်းဖြင့် လူလတ်ပိုင်းအရွယ်တွင် နိုင်ငံတော်၏ တာဝန်ကို ထူးထူး ချွန်ချွန်ထမ်းဆောင်နိုင်သကဲ့သို့ လူကြီးပိုင်းသို့ ချဉ်းကပ် ဝင်ရောက်ပါကလည်း အကြံကောင်း၊ ဉာဏ်ကောင်းများ ပေးနိုင်သည့် ပုဂ္ဂိုလ်အများအပြားပေါ်ထွက်လာနိုင် ပါကြောင်း တင်ပြလိုက်ရပါသည်။



# ဖွံ့ဖြိုးမှုနည်းလမ်းများအားခွဲခြားသိမြင်ခြင်းနှင့် ဈေးကွက်ပိုင်းဖြတ်ခြင်း

## (Distinguishing Alternative Pathways to Development and Market Segmentation

|ရွှေရွှေ (ဝါဏိဇ္ဇဗေဒ)|

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (Economic Development) ဟူသော ဝေါဟာရသည် စီးပွားရေးတိုးတက်မှု(Economic Growth)ဟူသော ဝေါဟာရထက် ကျယ်ပြန့်သောသဘော လက္ခဏာဆောင်ပါသည်။ ဖွံ့ဖြိုးမှုဟူသည်မှာ တိုးတက်မှုတွင်ပြောင်းလဲမှု ပေါင်းစပ်ပါဝင်သော အခြေအနေ(သို့)ဖြစ်စဉ်ပင်ဖြစ်ပြီး စီးပွားရေး အဆောက်အအုံတစ်ရပ် တိုးတက်ပြီးကျယ်ပြန့်လာရာတွင် မရှိမဖြစ်လိုအပ်သော အရည်အသွေးဆိုင်ရာများ ပေါင်းစပ်ပါဝင်နေရပေမည်။ ယင်းအရည်အသွေးတို့တွင် ကုန်ထုတ်စွမ်းအားစုများ၏ စွမ်းရည်တိုးတက်မှု၊ ကုန်ထုတ်နည်းစနစ်များတိုးတက်မှု၊ အဖွဲ့အစည်းများ ဖွံ့ဖြိုးလာမှု၊ သဘောထားခံယူချက်များနှင့် တန်ဖိုးထားမှုများ ပြောင်းလဲလာမှုတို့ပေါ် ပေါက်လာရန်၊ ဖွံ့ဖြိုးမှု တည်ဆောက်ကြရမည်။

နိုင်ငံများသည် ဖွံ့ဖြိုးမှုတည်ဆောက်ကြရာတွင် ကျင့်သုံးသည့်စီးပွားရေးနည်းလမ်းများ အများအပြားရှိသည်။ နိုင်ငံအများစုသည် အရင်းရှင်စနစ်ပုံစံ ကျင့်သုံးခဲ့ကြသော်လည်း အရင်းရှင်ဝါဒ သဘောတရားစင်စစ်သည် ကြာရှည်တည်မြဲခြင်းမရှိသကဲ့သို့ ဆက်လက်ဆောင်ရွက်ကျင့်သုံးကြခြင်းလည်း မရှိကြတော့ပေ။ ဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်ကျင့်သုံးကြသည့် နည်းလမ်းများမှာ အမျိုးမျိုးကွဲပြားခြားနားကြသော်လည်း ယင်းတို့ကို စုစည်းဖော်ပြပါက ဈေးကွက်စီးပွားရေး အဆောက်အအုံဖွံ့ဖြိုးတိုးတက်မှု၊ အခြေခံစီးပွားရေးကဏ္ဍဖွံ့ဖြိုးမှု၊ အကြီးစားစက်မှုလုပ်ငန်း၊ ဖွံ့ဖြိုးမှုနှင့် ပြီးပြည့်စုံသော ဈေးကွက်ပုံစံစီးပွားရေး၊ အဆောက်အအုံပြန်လည်ဖွံ့ဖြိုးတည်ဆောက်မှုဟူ၍ တွေ့ရမည့်အပြင် ဖွံ့ဖြိုးတိုးတက်မှုနည်းလမ်းများအားခွဲခြားသိမြင်ခြင်းနှင့် ဈေးကွက်ပိုင်းဖြတ်ခြင်း၊ ဆန်းစစ်ခြင်းဖြင့် သိမြင်နိုင်သည်။

ဖွံ့ဖြိုးမှုနည်းလမ်းများကို ခွဲခြားဆန်းစစ်ခြင်းအားဖြင့် အထောက်အကူပြုနိုင်မည့် အရာများမှာ နည်းလမ်းတစ်ခုချင်းစီ၏ အားသာချက်၊ အားနည်းချက်

တို့ကို ကောင်းစွာသိရှိနားလည်ပြီး၊ နိုင်ငံအတွက် အခွင့်အလမ်းကောင်းများနှင့် အကန့်အသတ်များယှဉ်ပြိုင်အခြေအနေများကို ဆန်းစစ် အကဲဖြတ်နိုင်ပါမည်။ထို့ပြင် နိုင်ငံအတွက် အကောင်းဆုံးသောဖွံ့ဖြိုးမှုနည်းလမ်းကို ရွေးချယ်နိုင်မည်ဖြစ်သည်။ ယနေ့ကမ္ဘာ့စီးပွားရေးတွင် အရင်းရှင်စနစ်ပုံစံကွဲ ကျင့်သုံးသည့် အမေရိကန်၊ ဥရောပ၊ ဂျပန်ဟူသည့် ပုံစံကွဲ ၃ မျိုးတွေ့ရပါမည်။ ဥပမာအားဖြင့် ဆိုသော် စင်္ကာပူနိုင်ငံသည် အဆင့်မြင့်နည်းပညာသုံးစီးပွားရေးနောက်ခံအဆောက်အအုံတည်ဆောက်ရန်နှင့် ဝန်ဆောင်မှုလုပ်ငန်းများအား အလေးပေးရန် ရွေးချယ်ခဲ့ပါသည်။ ဟောင်ကောင်သည်(Laissez for economy) ကို ကျင့်သုံးရန် ရွေးချယ်ခဲ့ပြီး တောင်ကိုးရီးယားနှင့် ထိုင်ဝမ်တို့သည်ဂျပန်၏ဖွံ့ဖြိုးမှုလိုက်ပါကျင့်သုံးခဲ့ကြသည်။ ဥရောပတွင် အစိုးရအထောက်အပံ့ပေးသော နည်းပညာစွန့်စား ဆောင်ရွက်မှုလုပ်ငန်းများသည် အောင်မြင်ခဲ့ကြပါသည်။ ပြင်သစ်တွင် အဆင့်မြင့်နည်းပညာစီးပွားရေးရည်မှန်း ချက်များထားရှိပြီး အစိုးရယန္တရားစွန့် စားဆောင်ရွက်မှုလုပ်ငန်းများသည် အောင်မြင်ခဲ့ကြသည်။ပြင်သစ်နိုင်ငံတွင် အဆင့်မြင့်နည်းပညာစီးပွားရေးရည်မှန်းချက်များထားရှိပြီး အစိုးရ ယန္တရားတစ်ရပ်လုံးအား ယင်းရည်မှန်း ချက်များ အောင်မြင်ရေးအတွက် အထောက်အကူပြုရန် တည်ဆောက်ခဲ့သဖြင့် ယင်းစနစ်ပုံစံကျင့်သုံးမည့် နိုင်ငံတို့အတွက် ရှေ့ပြေးပုံစံပင်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ရောပြွမ်းစီမံကိန်း စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့ပါသည်။ စက်မှုလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ အုပ်ချုပ်ရေး၊လယ်ယာစိုက်ပျိုးရေး၊ဝန်ဆောင်မှုလုပ်ငန်းနှင့် ပြည်ပကုန်သွယ်ရေးတို့တွင် ပုဂ္ဂလိကပိုင်လုပ်ငန်းများ၏ တိုးတက်မှုသည် အဓိကကျ၍ နိုင်ငံတော်အဆင့်မှ ပြောင်းလဲမှုများဆောင်ရွက်ပြီး အားပေးမြှင့်တင်ခဲ့ပါသည်။ ဆိုရှယ်လစ်နိုင်ငံများတွင် ဗဟိုစီမံကိန်းချမှတ်ပြီး အမိန့်ပေးသယံဇာတခွဲဝေမှုအစား ဗဟိုချုပ်ကိုင်မှုလျှော့ချ၍ ဆုံးဖြတ်ဆောင်ရွက်မည့် နည်းလမ်းကို အစားထိုးကျင့်သုံးလာကြသည်။ပြောင်းလဲမှုအတိုင်းအတာ ကွာခြားကြပါသည်။ ကွန်မြူနစ်ဝါဒ ပြိုလဲပြီးနောက်တွင် တရုတ်နှင့် ဆိုဗီယက်ပြည်ထောင်စုတို့သည် မတူညီသောဖွံ့ဖြိုးမှုနည်းလမ်းများကို ကျင့်သုံးဆောင်ရွက်လာကြပါသည်။ တရုတ်နိုင်ငံသည် အကြီးစားစက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးမဟာဗျူဟာကို ကျင့်သုံးဆောင်ရွက်ရာတွင် အခြေခံကဏ္ဍဖွံ့ဖြိုးရေးအတွက် ဗဟိုချုပ်ကိုင်မှုလျှော့ချချဉ်းကပ်နည်းကို ကျင့်သုံးပါသည်။ဆိုဗီယက်ပြည်ထောင်စုမှာမူ စီးပွားရေးကဏ္ဍအားလုံးကို စီမံကိန်းချမှတ်ပြီး ဗျူရိုကရေစီလမ်းညွှန်ချက်များ ချမှတ်ဆောင်ရွက်ပါသည်။ လက်ရှိကာလတွင် တရုတ်နှင့် ဆိုဗီယက်ပြည်ထောင်စုနှစ်နိုင်ငံစလုံးသည် ဈေးကွက်စီးပွားရေးစနစ်ကို မတူညီသော နည်းလမ်းများဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိနေကြပါသည်။

ဈေးကွက်စီးပွားရေးကျင့်သုံးနေသည့် နိုင်ငံနှင့် ဈေးကွက်စီးပွားရေးသို့ အသွင်ကူးပြောင်းနေသည့် နိုင်ငံဟူ၍ အဓိကအားဖြင့် နှစ်အုပ်စုခွဲခြားထားသည်။လက်ရှိကာလတွင် ဈေးကွက်စီးပွား ရေးစနစ် ဖွံ့ဖြိုးမှုနည်းလမ်းကို ကျင့်သုံးနေပြီးဖြစ်သော နိုင်ငံများတွင် အဓိကစံအတိုင်းအတာ(၂)ရပ်မှာ အစိုးရဝင်ရောက်စွက်ဖက်သည့် ပုံစံနှင့် ကုန်သွယ်ရေးဦးစားပေးပုံစံဟူ၍ နှစ်မျိုးရှိပါသည်။ ဈေးကွက်စီးပွားရေးအသွင်ပြောင်းလဲသည့် နိုင်ငံများတွင် အဓိကသတ်မှတ်ချက်မှာ တိုးတက်မှု အသွင်သဏ္ဌာန်နှင့် အချိန်သတ်မှတ်ချက်ဖြစ်ပါသည်။အစိုးရဝင်ရောက်စွက်ဖက်မှုတွင် အခြေခံကဏ္ဍများ၌ ပါဝင်စွက်ဖက်ခြင်းနှင့် ကဏ္ဍရွေးချယ်စွက်ဖက်ခြင်းဟူ၍ ခွဲခြားနိုင်ပါသည်။ တိုးတက်မှုအသွင်သဏ္ဌာန်တွင် ဘက်စုံညီတိုးတက်မှုနှင့် ဘက်မညီတိုးတက်မှုများကို ကျင့်သုံးကြပြီး အချိန်အတိုင်းအတာလည်း ပုံမှန်နှင့် အလျင်အမြန်ဟူ၍ ခွဲခြားလာနိုင်သလို တစ်ဖက်ကလည်း ဈေးကွက်ထဲသို့ ထိုးဖောက်ဝင်ရောက်နိုင်ပြီး ထုတ်ကုန်တွေကို အမြဲတမ်းအသစ်အဆန်းတီထွင်မှုများ လုပ်ဆောင်နိုင်ဖို့ လိုအပ်ပါသည်။

ဤကဲ့သို့လိုအပ်ချက်နှင့် ဖွံ့ဖြိုးမှုဆောင်ရွက်ရာတွင် အချိန်နှင့်အမျှ တိုးတက်နေသည့် ခေတ်ကြီးမှာထုတ်လုပ်သောနိုင်ငံတွေကလည်း အသစ်အဆန်း (Innovation)တွေ အပြိုင်အဆိုင် တီထွင်ပြီး Market ကို

ထိုးဖောက်ဝင်ရောက်နိုင်အောင် ကြိုးစားလုပ်ဆောင်နေကြပါသည်။ New Product တွေကို Customer တွေရဲ့ လိုအပ်ချက်နှင့်ကိုက်ညီပြီး၊ဈေးကွက်မှာ ဝင်ရောက်နိုင်ဖို့ဆိုရင် Needs တွေက အရေးကြီးသည်။ မိမိဒေသ၏ Marketing လုပ်မည့် ဈေးကွက်အမျိုးအစားကို ခွဲခြားသိမြင်ဖို့လိုသည်။ ဒေသတွင်းဈေးကွက် (Market Segmentation)က Product အသစ်တစ်ခု D eveloping လုပ်တဲ့အခါ ဒေသထွက် New Product ကို ဈေးကွက်မှာရောင်းချနိုင်မည့်အခွင့်အလမ်းတွေ Market Opportunity ရရှိလာပြီး (Product) ထုတ်တဲ့နိုင်ငံတွေရဲ့ (quality) ကိုလည်း တိုးမြင့်စေပါသည်။ New Product တွေ Developing မလုပ်ခင် ဘယ် Market မှာ Target ထားရမည်နည်း၊ Market Size က ဘယ်လောက်လည်းဆိုတာ စဉ်းစားဖို့ လိုအပ်သည်။ Target ထားတဲ့ Market က Product ကို လိုအပ်မှုရှိရဲ့လား၊ Product တွေကို လုံလုံလောက် လောက်ထောက်ပံ့ပေးနိုင်မလား၊ ကိုယ့်ဒေသရဲ့ Target ထားတဲ့ Market မှာ Competitors ရှိနေလားဆိုတဲ့ အချက် တွေ စဉ်းစားဖို့လိုအပ်ပါသည်။ ပြိုင်ဆိုင်မှုတွေများပြား လာမယ်ဆိုရင် Mass Marketing Strategy ကို ဝင်ရောက် နိုင်ဖို့ အောင်မြင်ဖို့ လွယ်ကူမှာမဟုတ်ပါဘူး။ဒါကြောင့် Market ကို Segment လုပ်ဖို့လိုအပ် ပါသည်။ New Product ကို Develop လုပ်ဖို့ Market ကို Segment လုပ်မည်ဆိုရင် နိုင်ငံရဲ့ ပထဝီအနေအထားအရ ဒေသနှင့် ကိုက်ညီစေမည့် ထုတ်ကုန်ကိုထုတ်ပြီး Segment လုပ်ရ မည်။ Gender, Age, Education Level (Demographic Segmentaion) တွေ နှင့်လည်း Market ကို Segment လုပ်နိုင်ပါသည်။ ဥပမာ-ဒေသထွက်ကုန်ပစ္စည်းသည် ဝင်ငွေများများရရှိနိုင်တဲ့ ၂၂ နှစ်ကနေ ၂၇ နှစ်အတွက် ရည်ရွယ်ပြီး ထုတ်တာဆိုရင် သူတို့တွေအများဆုံးရှိတဲ့ Market မှာ ကိုယ့်ဒေသ Product တွေကို ရောင်းချရမည် ဖြစ်သည်။ Customer တွေက ဘယ်လိုကုန်ပစ္စည်းကို တန်ဖိုးထားသနည်း၊ စားသုံးသူတို့ရဲ့ သဘောထား၊ ရပ်တည်မှု Attitudes တွေနှင့် စားသုံးသူတွေရဲ့ နေထိုင်မှု ပုံစံ၊ Lifestyle ပေါ်အခြေခံပြီး Psychographic နည်းနဲ့ Segment လုပ်ဖို့လိုအပ်



သည်။ ဤနည်းဖြင့် Segment လုပ်မည်ဆိုလျှင် ဒေသထွက်ကုန် customer တွေကို အကောင်းဆုံး Image Quality ပေးနိုင်ရပါမည်။ Customer တွေရဲ့ လုပ်ဆောင်ချက် Actions ပေါ်မှာ အခြေခံပြီး Market Segment လုပ်တာကို Behavioral Segmentation လို့ခေါ်ပါသည်။ အမြတ်မရရှိနိုင်တဲ့ ဈေးကွက်ကို ရှောင်ရှားနိုင်ပြီး ကိုယ့်ရဲ့ Product & Price တွေ တိုးတက်လာနိုင်တဲ့ဈေးကွက်ကို ရှာဖွေ ဖော်ထုတ်နိုင်မည်ဖြစ်ပါ သည်။

ဈေးကွက်ကိုရှာဖွေဖော်ထုတ်ရာတွင် ယနေ့အထိ အာရှဈေးကွက်ဟာ အရှိန်အဟုန်ပြင်းပြင်းနဲ့ တိုးတက်လာခဲ့သည်။ ဖွံ့ဖြိုးတိုးတက်လာသော အာရှစီးပွားရေးပုံရိပ်ကြီးကို ကမ္ဘာတစ်ဝှမ်းလုံးက မျက်ဝါးထင်ထင် တွေ့မြင်ကြရသည်။ အာရှဂျီဒီပီအရ လူဦးရေပမာဏအရ၊ စစ်အသုံး စရိတ်အရ၊ နည်းပညာအပေါ်ရင်းနှီးမြှုပ်နှံမှုအရ ၂၀၃၀ များရောက်ခဲ့လျှင်ဖြင့် မြောက်အမေရိကနှင့် ဥရောပတိုက်နှစ်ခု ပေါင်းထက်တောင် ကျော်လွန်ပြီး ဂလိုဘယ်အင်အားကြီးဖြစ်လာလိမ့်မည်ဟု စောင့်ကြည့်အကဲဖြတ်နေကြတဲ့ အဖွဲ့အစည်းများက သုံးသပ်ကြသည်။ အာရှတိုက်၏ ဈေးကွက်စီးပွားရေးဟာ အရင်ကထက်ပိုပြီး နှီးနွှယ်ဆက် စပ်ပေါင်းစည်းလာခဲ့သည်။ ၁၉၉၀ နှစ်များက ဒေသတွင်းကုန်သွယ်ရေးသည် ၂၅% မှ ယခု ၅၄ % ရှိလာပြီဖြစ် သည်။၁၉၉၇-၁၉၉၈ ခုနှစ်များက အာရှတစ်လွှားမှာ ဘဏ္ဍာရေးအကျပ်အတည်းဖြစ်ပေါ်ပြီး အရှေ့တောင် အာရှနှင့်တောင်ကိုရီးယားက "ကြွေး" နှင့်အလုပ် လုပ်ခဲ့ကြတဲ့

ကုမ္ပဏီကြီးတွေ အရည်ပျော်ကျသွားခဲ့သည်။ထို့နောက် ပိုင်းကုမ္ပဏီတော်တော်များများဟာ ဘဏ္ဍာရေးအင်အား ပြန်လည်တည်ဆောက်ခဲ့သည်။ World Market Capitalization ဟာ အခုဆိုရင် ၂၇ % အထိဖြစ်လာသည်။ အာရှအကြီးဆုံးဈေးကွက်မှာ LG, SAMSUNG စသည်တို့ရှိခဲ့သည်။ အာရှ၏ အနာဂတ်ဈေးကွက်သည် အာရှတိုက်သားတွေရဲ့ လက်ထဲမှာ ရှိနေသည်။ အာရှဈေးကွက်စီးပွားရေး အံ့မခန်းတိုးတက်လာအောင် ဆောင်ကျဉ်းခဲ့သူများကလည်း အာရှတိုက်သား တွေဖြစ်သည်။ အာရှ တိုက်တွင် အရှေ့တောင်အာရှ သည်လည်း ကမ္ဘာတွင်အလားအလာ ရှိသော ဈေးကွက် ဖြစ်သည်။

ကမ္ဘာ့အလားအလာအကောင်းဆုံး ၄၀ စာရင်း တွင် ထိပ်ဆုံး၌ရပ်တည်နေသော တရုတ်၊ တိုင်ပေ အခြေစိုက် နိုင်ငံခြားကုန်သွယ်မှုဖွံ့ဖြိုးရေး ကောင်စီက ရွေးချယ်ထားသည့် အလားအလာအကောင်းဆုံး ဈေးကွက်(၄၀)စာရင်းတွင် မြန်မာနိုင်ငံသည် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိကြောင်း အဆိုပါကောင်စီက သတင်း ထုတ်ပြန်ပေးထားသည်။ပို့ကုန်ဈေးကွက်စာရင်း တွင် မြန်မာနိုင်ငံက ထိပ်ဆုံးမှရပ်တည်လျက်ရှိပြီး ဘင်္ဂလား ဒေ့ရှ်နှင့် မိုကမ်သစ်နိုင်ငံက ဒုတိယနှင့် တတိယနေရာ စာရင်းတွင် ရှိပြီးဖြစ်သည်ကို ယေဘုယျအားဖြင့် ဖော်ပြ ကြသည်။ သို့သော်လည်း စာရင်းတွင် ကမ္ဘာတစ်ဝန်းလုံး ရှိအဓိကဈေးကွက်နိုင်ငံပေါင်း (၈၀) ပါဝင်သည်။

၂၀၁၅ ခုနှစ်အတွင်း တိုးတက်ရန်အလား အလာအရှိဆုံးပို့ကုန်ဈေးကွက် ၄၀ ၌ အာရှမှ ၁၇ နိုင်ငံနှင့် ဥရောပ၊ အမေရိက၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်း ဒေသတို့မှ(၂၃)နိုင်ငံပါဝင်ကြောင်း ဈေးကွက်သုတေသန တွဲဖက်သုတေသနအရာရှိ ကိတ်ချန် (Kate Chen)က ပြောကြားခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် တိုးတက်ရန် အလားအလာအကောင်းဆုံးဈေးကွက်နိုင်ငံစာရင်းတွင် ထိပ်ဆုံး၌ရပ်တည်နေသော်လည်း တရုတ်၊ အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့က ၂၀၁၅ ခုနှစ်တွင် တိုးတက်မှု အလား အလာဈေးကွက်အတိုင်းအတာနှင့်ခြုံငုံတိုးတက်မှုအဆင့် အမြင့်မားဆုံးဖြစ်ကြသည်ကို တွေ့ရသည်။ယင်းနိုင်ငံ များနောက်တွင်ရှိသော နိုင်ငံများမှာ ဟောင်ကောင်၊ တောင်ကိုရီးယား၊ ဗီယက်နမ်၊ ဂျာမနီ၊ ဘင်္ဂလားဒေ့ရှ်နှင့် အာရပ်စော်ဘွားများနိုင်ငံဖြစ်ကြသည်။ အဆိုပါအလား အလာရှိသော ဈေးကွက်များ၏ စာရင်းသစ်အချက် အလက်ကို တရုတ်(တိုင်ပေ)၏ ပို့ကုန်ဈေးကွက်များ၊ သွင်းကုန်ခွန်များနှင့် ပတ်သက်သည့် သတင်းအချက် အလက်များကို စစ်ဆေးရန် အသုံးပြုနိုင်ရုံသာမက တရုတ်(တိုင်ပေ)ထုတ်ကုန်များ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်မှု၊ ဈေးကွက်စုံစမ်းရေးနှင့် ဈေးကွက်၏ တိုးတက်မှု အလားအလာကို နှုန်းထားသတ်မှတ်ရန်ကိစ္စတို့တွင် အသုံးပြုသည်ကို (TAITRA) ဈေးကွက်သုတေသနမှူး (Stephen Lcwu) က ပြောခဲ့သော သတင်းအချက် အလက်များအရဖြည့်စွက်ရာတွင် ကမ္ဘာ့ပေါင်းကူးယှက် နွယ်ဆက်စပ်မှုဖြစ်စဉ် ဖြစ်ပေါ်တိုးတက်မှုသည် အခွင့်အရေးများစွာကို ဖန်တီးပေးပါသည်။ အစဉ် တိုးတက်လာသော ကမ္ဘာ့စီးပွားရေး အဆောက်အအုံ နှင့်အတူ အင်တာနက်ကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုကြ ခြင်းဖြင့် လူများနှင့် လုပ်ငန်းများအနေဖြင့် ကမ္ဘာ့စီးပွား ရေးတွင် အမြဲတမ်းပြိုင်ဆိုင်လျက်ရှိနေကြောင်း သဘော ပေါက်နားလည်လာကြမည်ဖြစ်သည်။ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားဖြစ်နေသော ကုန်သွယ်မှုအတားအဆီးများသည် ကမ္ဘာ့မြောက်ပိုင်း နှင့်နှိုင်းယှဉ်ပါက ကမ္ဘာ့တောင်ပိုင်းတွင် ပို၍ရှိနေပါသည်။ ယခုအခါတွင် အင်တာနက်ကဲ့သို့သော အတတ်ပညာများ ပေါ်ပေါက်လာခဲ့ခြင်းကြောင့် ကုန်သွယ်မှုအတားအဆီး များကို လျှော့စေခဲ့ပါသည်။ ကမ္ဘာ့စီးပွားရေးကျယ်ပြန့် လာရခြင်းတွင် ကုန်သွယ်မှုအတားအဆီးများကို လျှော့ချ နိုင်ခြင်းသည် ဒေသရှိကုမ္ပဏီကြီးများ ပြိုင်ဆိုင်မှုကို ပိုမို၍ ဖြစ်ထွန်းလာစေပါသည်။ထိုကဲ့သို့ ဖြစ်ထွန်းလာခြင်းဖြင့် ကမ္ဘာ့ဈေးကွက်တွင် အခွင့်အလမ်း ပိုမိုများပြားလာပြီး ဈေးကွက်တွင် ကုမ္ပဏီများ ပိုမိုဖြစ်လာပါသည်။ ကမ္ဘာလုံး ဆိုင်ရာဖြစ်စဉ်တွင် မြန်မာနိုင်ငံအနေဖြင့်ဒေသတွင်းပူး ပေါင်းဆောင်ရွက်မှုဖြင့် အလားအလာရှိသော ဈေးကွက် စီးပွားရေးစနစ်ဖြစ်ပေါ်လာနိုင်မည်မှာ အမှန်ပင်ဖြစ် ပါတော့သည်။

# အများပိုင်သယံဇာတပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ကြပါစို့

|နန်းမိုးဆိုင် (စီမံကိန်းနှင့် စာရင်းအင်း)|



ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများရှိ များစွာသော ဆင်းရဲသားတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများသည် အများပိုင်သယံဇာတပစ္စည်းများ (common pool resources) ပေါ်တွင် မှီခိုနေရသောကြောင့် အများပိုင် သယံဇာတပစ္စည်းများ (common pool resources)ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ဆင်းရဲမှုလျှော့ချရေးကို အကောင်အထည်ဖော်ဆောင်ခြင်းပင် ဖြစ်သည်။

ဂေဟဗေဒပညာရှင် Garett Hardin က "အများပိုင်သယံဇာတပစ္စည်းများ ကံဆိုးမိုးမှောင်ကျခြင်း" (The tragedy of the commons) ဆောင်းပါးတွင် သစ်တောများ၊ ရေဝေရေလဲဒေသများ၊ အမျိုးသားဥယျာဉ်များ၊ ဆည်မြောင်းစနစ်ရေပေးဝေခြင်းများ စသည့် အများပိုင်သယံဇာတပစ္စည်းများကို လူ့အဖွဲ့အစည်းအသီးသီးက ထုတ်ယူသုံးစွဲခြင်းဖြင့် အကျိုးအမြတ် ဖြစ်ထွန်းနေသော်လည်း မည်သူတစ်ယောက်ကမျှ ထိုပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန်စိတ်မဝင်စားကြသောကြောင့် (သို့မဟုတ်) အများပိုင်သယံဇာတပစ္စည်းများကိုစီမံခန့်ခွဲမှု ညံ့ဖျင်းသောကြောင့် ယိုယွင်းပျက်စီးကြရသည်ဟု ရေးသားခဲ့ပြီး ထိုအများပိုင်သယံဇာတပစ္စည်းများကို ဗဟိုအာဏာပိုင် အဖွဲ့အစည်းများက ထိန်းသိမ်းကွပ်ကဲသင့်သည် သို့မဟုတ် ပုဂ္ဂလိကပိုင် ပြုလုပ်သင့်သည်ဟု ဆိုခဲ့သည်။

ဤအယူအဆကို လက်ခံပြီး အများပိုင် သယံဇာတပစ္စည်းများကိုနိုင်ငံပိုင်ပြုလုပ်ခဲ့သည့်နိုင်ငံများသည် သယံဇာတပစ္စည်းများ ရေရှည်တည်တံ့မှု ထိခိုက်ခဲ့ပြီး ထိုသယံဇာတများကို မှီခိုနေရသော ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ဆင်းရဲသားအိမ်ထောင်စုပေါင်းများစွာ၏ လူမှုဘဝကိုလည်း ထိခိုက်စေခဲ့သည်။ အလားတူပင် အများပိုင်သယံဇာတပစ္စည်းများကိုပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းကြောင့် သယံဇာတများ ထုတ်ယူသုံးစွဲရာတွင် သစ်အလျင်အမြန်ထွက်ရှိရေးနှင့် စီးပွားရေး အကျိုးအမြတ် ရှုထောင့်ကိုသာ အသုံးပြုခြင်းကြောင့် ဆင်းရဲသားများကို အသုံးပြုခွင့်ပိတ်ပင်ရာရောက်စေရုံသာမက ဂေဟစနစ်ကောင်းမွန်စေရေးအတွက် အရေးကြီးသော ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ရေဝေရေလဲဒေသ စီမံခန့်ခွဲရေး စသည့်ကိစ္စများကို အလေးထားမှု နည်းပါးပြီး ရေရှည်တည်တံ့မှုကိုထိခိုက်စေခဲ့သည်။ ထို့ကြောင့် Hardin ၏ အယူအဆမှာ လက်တွေ့တွင် ကောင်းမွန် မှန်ကန်မှုရှိသော ဖြေရှင်းချက် မဟုတ်ခဲ့ပါ။

**လက်တွေ့အသိအမြင်များ**

စီးပွားရေးပညာရှင် Elinor Ostrome နှင့် လုပ်ဖော်ကိုင်ဖက်များသည် ဆွစ်ဇာလန်နိုင်ငံရှိမြက်ခင်းပြင်များ၊ ဖိလစ်ပိုင်၊ နီပေါ၊ စပိန်နိုင်ငံတို့ရှိ ရေပေးဝေရေးဆည်မြောင်းများ၊ လက်တင်အမေရိကနှင့် အိန္ဒိယနိုင်ငံတို့ရှိသစ်တောများကိုစီမံခန့်ခွဲမှုများ ဆောင်ရွက်နေသည့် အများပိုင်ပစ္စည်းများကိုစီမံခန့်ခွဲနေသော လူ့အဖွဲ့အစည်းပေါင်းများစွာတို့အား လေ့လာမှုပြုလုပ်ခဲ့ရာ **သယံဇာတများကို ရေရှည်တည်တံ့ခိုင်မြဲစေရန် စီမံခန့်ခွဲမှု အောင်မြင်မှုရခြင်းသည် စည်းမျဉ်းဥပဒေများ ချမှတ်ခြင်း၊ ပြဋ္ဌာန်းခြင်းတွင် သယံဇာတပစ္စည်းနှင့် ပတ်သက်ဆက်စပ်နေသူများ** (stakeholders)**ကို တက်ကြွစွာ ပူးပေါင်း ပါဝင်ဆောင်ရွက်စေခြင်းကြောင့်** ဖြစ်ကြောင်း ဖော်ထုတ်ခဲ့သည်။ လက်တွေ့တွင် လူတို့သည်ပြင်ပ သို့မဟုတ် အဖွဲ့အစည်းတွင်းရှိ အာဏာရှိသူတို့က တစ်ဖက်သတ် ပြဋ္ဌာန်းသတ်မှတ်ထားသော စည်းမျဉ်းဥပဒေများထက် ၎င်းတို့ကိုယ်တိုင် ဖန်တီးထားသော စည်းမျဉ်းဥပဒေများကို ပို၍လိုက်နာလေ့ရှိသောကြောင့် ဖြစ်သည်။

တစ်ဖက်ကကြည့်လျှင် ကိစ္စရပ်တစ်ခုတွင် ပါဝင်ပတ်သက်နေသူများ၊ ထိုကိစ္စရပ်နှင့် အခြေအနေတို့ကို ရင်းနှီးကျွမ်းဝင်သူများ ကိုယ်တိုင်ကြီးကြပ်ကွပ်ကဲခြင်း၊

> "သယံဇာတပစ္စည်းများကို လူ့အဖွဲ့အစည်းအသီးသီးက ထုတ်ယူသုံးစွဲခြင်းဖြင့် အကျိုးအမြတ် ဖြစ်ထွန်းနေသော်လည်း မည်သူတစ်ယောက်ကမျှ ထိုပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် စိတ်မဝင်စားကြသောကြောင့် . . .

စည်းမျဉ်းစည်းကမ်း သတ်မှတ်ခြင်းသည် ပို၍သင့်လျော်ပါသည်။ အများပိုင်သယံဇာတပစ္စည်းများအသုံးပြုမှုတွင်လည်း အသုံးပြုသူများကိုယ်တိုင်ကြီးကြပ်ကွပ်ကဲခြင်း၊ စည်းကမ်းလိုက်နာစေရန် အရေးယူဆောင်ရွက်ခြင်းတို့တွင် ပါဝင်ဆောင်ရွက်စေခြင်းဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်လိုကြောင်း Ostrom က ပြသခဲ့သည်။

ယနေ့ခေတ် ကမ္ဘာတစ်ဝှမ်းလုံးရှိ ဖွံ့ဖြိုးဆဲ နိုင်ငံများ၊ အလှူရှင်များ၊ အစိုးရများသည် အများပိုင် သယံဇာတပစ္စည်းများကို စီမံခန့်ခွဲရာတွင် လူထုအခြေပြုစီမံခန့်ခွဲမှု (community-based management) အတွေးအခေါ်ကို လက်ခံယုံကြည်လာသည်။ ထိုကဲ့သို့ အတွေးအမြင်ပြောင်းလဲလာခြင်းသည် အသက်မွေးဝမ်းကျောင်းမှုအတွက် အများပိုင်သယံဇာတပစ္စည်းများကို မှီခိုနေရသည့် များစွာသော ဆင်းရဲသားများအပေါ် သက်ရောက်မှုများရှိခဲ့သည်။ ဆင်းရဲသားများသည် ၎င်းတို့အတွက် ဦးစားပေးလိုအပ်ချက်များကို ကိုယ်တိုင်သတ်မှတ်နိုင်စွမ်းနှင့် ၎င်းတို့၏ ဒေသရှိစိန်ခေါ်မှုများကိုစုပေါင်းတုံ့ပြန်နိုင်စွမ်းကို ကောင်းစွာသဘောပေါက်လာကြသည်။ ဤသို့ဖြင့် ၎င်းတို့သည် အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် ကျေနပ်အားရဖွယ်ရာရလဒ်များ "ဖွံ့ဖြိုးဆဲနိုင်ငံအချို့တွင် ဆည်မြောင်းရေပေးဝေရေး စနစ်စီမံခန့်ခွဲမှုကို အစိုးရစီမံခန့်ခွဲသည့်စနစ်မှ လယ်သမားအဖွဲ့အစည်းများ စီမံခန့်ခွဲမှုစနစ်သို့ကူးပြောင်းလာခြင်း၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဆာဟာရအာဖရိကနိုင်ငံများ အလယ်အမေရိကနိုင်ငံများနှင့် တောင်အမေရိကနိုင်ငံများ၌ သစ်တောလုပ်ငန်းများ စီမံဆောင်ရွက်ရာတွင် လူထုအခြေပြုစီမံခန့်ခွဲမှုအား စတင်ဆောင်ရွက်လာခြင်း၊ ဆာဟာရအာဖရိကနိုင်ငံ ၂၀ နိုင်ငံသည် လူထုဦးစားပေးသစ်တောစီမံခန့်ခွဲမှုကို ကျယ်ကျယ်ပြန့်ပြန့် စတင်ဆောင်ရွက်ခဲ့ခြင်းကို ဖြစ်ပေါ်စေခဲ့သည်။ သစ်တောများစီမံခန့်ခွဲမှုပြောင်းလဲခဲ့ခြင်းကြောင့် အသက်မွေးဝမ်းကျောင်းမှုအတွက် သစ်တောများကို မှီခိုမှုပြုနေရသောဆင်းရဲသားများအပေါ် အကျိုးကျေးဇူးများစွာ ရှိစေခဲ့သည်။

**အလှူရှင် မူဝါဒ**

အလှူရှင်များသည် လူထုအားဖြင့် ဖွံ့ဖြိုးမှု (community-driven development – CDD) လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ရန် ဆင်းရဲသားအိမ်ထောင်စုများထံသို့ ချေးငွေများ ထုတ်ချေးပေးသည့် နည်းလမ်းကို စတင်အသုံးပြုလာသည်။ ကမ္ဘာ့ဘဏ်၏ CDD အုပ်စုက 'ဤနည်းလမ်းသည် လူထုအဖွဲ့အစည်းအုပ်စုများနှင့် ဒေသအစိုးရများအား စီမံကိန်းဆုံးဖြတ်ချက်များ ချမှတ်ခွင့်နှင့် ရင်းနှီးမြှုပ်နှံမှု အရင်းအမြစ်များကို ထိန်းချုပ်ကွပ်ကဲခွင့်ပေးခြင်း' ပင်ဖြစ်သည်ဟု ညွှန်ပြခဲ့သည်။ သို့ဖြစ်၍ ကမ္ဘာ့ဘဏ် CDD အုပ်စု၏ လုပ်ငန်းအစီအစဉ်များသည် -



- ဒေသဆိုင်ရာသို့လုပ်ပိုင်ခွင့် အာဏာအပ်နှင်းခြင်း (local empowerment)၊
- ပူးပေါင်းပါဝင်သော အုပ်ချုပ်မှု (participatory governance)၊
- လိုအပ်ချက်အတိုင်းတုံ့ပြန်မှု (demand-responsiveness)၊
- အုပ်ချုပ်ရေးလုပ်ပိုင်ခွင့် (administrative autonomy)၊
- အောက်ခြေမှ တာဝန်ခံမှု (downward accountability) နှင့်
- ဒေသ၏စွမ်းရည်တိုးမြှင့်ခြင်း (enhanced local capacity) စသည့် အခြေခံမှုများ အပေါ် အခြေတည်၍ လုပ်ငန်းဆောင်ရွက်ပါသည်။

## CDD လုပ်ငန်းစီမံချက် အကျိုးကျေးဇူးများ

CDD လုပ်ငန်း စီမံချက်ဖြင့် -

- အခြားနည်းလမ်းများနှင့် နှိုင်းယှဉ်လျှင် ဆင်းရဲသားများဆီသို့ရောက်ရှိစေပြီး အားလုံးပါဝင်စေနိုင်သော နည်းလမ်းဖြစ်သည်။
- လူထုအခြေပြုအခြေခံအဆောက်အဦ လုပ်ငန်းစီမံကိန်းများသည် သမာရိုးကျ အထက်-အောက် လုပ်ထုံး လုပ်နည်းများအရ ဆောင်ရွက်သော အခြေခံအဆောက် အဦလုပ်ငန်းစီမံကိန်းများထက် ကုန်ကျစရိတ်နည်းပြီး တူညီသော အရည်အသွေး သို့မဟုတ် ပို၍ကောင်းမွန်သော အရည်အသွေးကို ရရှိစေနိုင်သည်။
- ဒေသ၏လိုအပ်ချက်နှင့် သဟဇာတဖြစ်စွာ ရွေးချယ်ဆောင်ရွက်နိုင်သည်။
- လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုနှင့် ပြုပြင်ထိန်းသိမ်းမှု (Operation & Maintenance) ကို ကောင်းမွန်စွာနှင့် ရေရှည်တည်တံ့စွာ ဆောင်ရွက်နိုင်ချေမြင့်မားသောကြောင့် ရင်းနှီးမြှုပ်နှံမှုပေါ်တွင် ပြန်ရချက် မြင့်မားစေ သည်။
- လူမှုအရင်းအနှီးကို လူထုအဖွဲ့အစည်းသဘောတရားပေါ်တွင်တည်ဆောက်ထားသောကြောင့် လူထုအ ဖွဲ့အစည်းကို ပို၍ စည်းလုံးညီညွတ်စေပြီး ထိခိုက်မှုကို အလိုက်သင့် တုံ့ပြန်နိုင်စွမ်း ရှိစေသည်။
- လူထုအဖွဲ့အစည်းသည် ၎င်းတို့၏ ဖွံ့ဖြိုးမှုအတွက် ကိုယ်တိုင်တက်ကြွစွာ ဆောင်ရွက်သူ ဖြစ်လာ သည်။
- CDD လုပ်ငန်းစီမံချက်များသည် လျင်လျင်မြန်မြန်ချဲ့နိုင်ပြီး ရန်ပုံငွေမြန်မြန်ရနိုင်သည်။


အခြားတစ်ဖက်တွင် အထက်-အောက်ဖြစ်သော အစိုးရဦးဆောင်သည့် လုပ်ငန်းစီမံချက်များတွင် တွေ့ရှိရသည့် နေရာဒေသရွေးချယ်မှုညံ့ဖျင်းခြင်း၊ နည်းပညာသင့်တော်မှုမရှိခြင်းနှင့် လုပ်ငန်း လည်ပတ်ဆောင်ရွက်မှုနှင့်ပြုပြင်ထိန်းသိမ်းမှု (Operation & Maintenance) ညံ့ဖျင်းခြင်း၊ ရေရှည်တည်တံ့မှု မရှိခြင်းနှင့် အကျင့်ပျက်ခြစားမှုများ ရှိနေခြင်းတို့ကိုလည်း လျော့ကျစေပါသည်။

ယနေ့ခေတ်တွင် ဆင်းရဲမှုလျှော့ချရေးကို CDD နည်းလမ်းဖြင့် ဆောင်ရွက်ရန် ဖိလစ်ပိုင်၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် အာဖရိကနိုင်ငံများ၏ အမျိုးသားအဆင့် မဟာဗျူဟာတွင် ထည့်သွင်းလာသည်။ ပညာရှင်များ၊ တက်ကြွလှုပ်ရှားသူများနှင့် လက်တွေ့ကျင့်သုံး လုပ်ကိုင်နေသူများသည် ဤကဲ့သို့ လူထုအခြေပြုဖွံ့ဖြိုးမှု ပါရာဒိုင်းအရွေ့အား ထောက်ခံခဲ့ကြပြီး Ostrom ကို လူထုအခြေပြုဖွံ့ဖြိုးမှုသဘောတရားကို ဦးဆောင်ဖော်ထုတ်ခဲ့သူတစ်ဦးအဖြစ် အသိအမှတ်ပြုခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို မူဝါဒများ ချမှတ်၍ ပြည်သူဗဟိုပြုဖွံ့ဖြိုးမှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိရာ အများပိုင်သယံဇာတပစ္စည်းများ (common pool resources)ကို ပြည်သူတစ်ရပ်လုံးက ကိုယ်ပိုင်အသိ၊ အမြော်အမြင်၊ အတွေးအခေါ်များဖြင့် ဝိုင်းဝန်းထိန်းသိမ်း၍ ရေရှည်အသုံးပြုနိုင်ကြပါစေကြောင်း တင်ပြလိုက်ပါသည်။

# ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံနှင့် ညွှန်ကိန်းများအကြောင်းတစေ့တစောင်း

|ခိုင်လွင်|



ဖွံ့ဖြိုးမှုမူဝါဒကောင်စီ (The Committee for Development Policy-CDP)မှ ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံ (Least Developed Countries- LDC) အား စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု မရှိဘဲ ဝင်ငွေနိမ့်ပါးသည့် နိုင်ငံဟု အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ ၂၀၁၂ ခုနှစ်တွင် ဖွံ့ဖြိုးမှုမူဝါဒ ကောင်စီမှ ထုတ်ပြန်သော ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများ စာရင်းအရ မြန်မာနိုင်ငံ အပါအဝင် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံ (၃၄) နိုင်ငံရှိသည်ဟု သိရပါသည်။

ဖွံ့ဖြိုးမှုမူဝါဒကောင်စီသည် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံစာရင်းမှ လွတ်မြောက်ရေးဆိုင်ရာ သတ်မှတ်စံနှုန်း (၃)မျိုးသတ်မှတ်ထားပါသည်။ ၎င်းတို့မှာ -

(၁) တစ်ဦးကျဝင်ငွေဆိုင်ရာစံနှုန်း (Gross National Income-GNI per capita)

(၂) လူသားအရင်းအနှီးညွှန်ကိန်းဆိုင် ရာစံနှုန်း (Human Assets Index-HAI) နှင့်

(၃) စီးပွားရေးထိခိုက်နစ်နာလွယ်မှုစံနှုန်း (Economic Vulnerability Index-EVI) တို့ဖြစ်ပါသည်။

**(၁)တစ်ဦးကျဝင်ငွေဆိုင်ရာ စံနှုန်း** (Gross National Income-GNI per capita)

ဝင်ငွေနိမ့်ကျမှုစံသတ်မှတ်ချက်တွင် တိုင်းတာသည့်ညွှန်ကိန်းမှာ အမျိုးသားဝင်ငွေ အပေါ် အခြေခံသည့် တစ်ဦးချင်းဝင်ငွေ (Gross National Income (GNI) per Capital) ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ်တွင် ဖွံ့ဖြိုးမှုမူဝါဒ ကောင်စီ၏ သတ်မှတ်ချက်အရ တစ်ဦးကျအနည်းဆုံး အသားတင်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁၁၉၀ အထက်ရှိရန်လိုအပ်ပါသည်။ ထိုသို့ဝင်ငွေနိမ့်ကျမှုစံသတ်မှတ်ချက်ကို တွက်ချက်ရာတွင် ကမ္ဘာ့ဘဏ်၏ (Atlas Method) အတိုင်းတွက် ချက်ရန် ဖွံ့ဖြိုးမှုမူဝါဒကောင်စီမှ သတ်မှတ်ဖော်ပြထားပါသည်။

**(၂)လူသားအရင်းအနှီးညွှန်ကိန်းဆိုင်ရာစံနှုန်း** (Human Assets Index-HAI)

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံမှလွတ်မြောက်ရန် အတွက် ဒုတိယစံနှုန်းမှာ လူသားအရင်းအနှီး စံသတ်မှတ်ချက်ဖြစ်ပါသည်။ ထိုအညွှန်းကိန်းတွင် ကျန်းမာရေး

ညွှန်ကိန်း(၂)ခုနှင့် ပညာရေးညွှန်ကိန်း(၂)ခု ပါဝင်ပါသည်။ ကျန်းမာရေးညွှန်ကိန်း(၂)ခုတွင် အာဟာရချို့တဲ့သော လူဦးရေ ရာခိုင်နှုန်းနှင့် ငါးနှစ်အောက် ကလေးသေဆုံးနှုန်းတို့ပါဝင်ပြီး ပညာရေးညွှန်းကိန်း(၂)ခုတွင် စုစုပေါင်း အလယ်တန်းအဆင့် ကျောင်းနေနှုန်းနှင့် သက်ကြီးစာတတ်မြောက်မှုနှုန်းတို့ပါဝင်ပါသည်။

အာဟာရချို့တဲ့သော လူဦးရေရာခိုင်နှုန်းကို တွက်ချက်ရာတွင် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO) ၏ သက်မှတ်ချက်အရလူတစ်ဦးလျှင် တစ်နေ့ပျမ်းမျှ အနည်းဆုံးကယ်လိုရီလိုအပ်ချက်မှာ ၁၈၀၀ ဖြစ်ပြီး ထိုထက်နည်းပြီးစားသုံးပါက အာဟာရချို့တဲ့သူအဖြစ် သတ်မှတ်ထားပါသည်။

ငါးနှစ်အောက်ကလေးသေဆုံးမှုနှုန်းကို တွက်ချက်ရာတွင် အရှင်မွေးကလေးတစ်ထောင်တွင် ငါးနှစ်အောက် သေဆုံးမှုကလေးအရေအတွက်ကို တွက်ချက်ခြင်းဖြစ်ပါသည်။ ထိုညွှန်ကိန်းနှစ်ခုစလုံးနည်းလေတိုင်းပြည်အတွက်ပိုမိုကောင်းမွန်လေဖြစ်ပါသည်။

(UNESCO)သတ်မှတ်ချက်အရ အလယ်တန်းအဆင့် ကျောင်းနေနှုန်းမှာ အလယ်တန်းအဆင့်တွင် စုစုပေါင်းကျောင်းနေသော ကျောင်းသားအရေအတွက်ကို တွက်ချက်ခြင်းဖြစ်ပါသည်။ သက်ကြီးစာတတ်မြောက်မှုနှုန်းကို တွက်ချက်ရာတွင် ၁၅ နှစ်နှင့်အထက် စုစုပေါင်းလူဦးရေ၏ စာတတ်မြောက်သူဦးရေ ရာခိုင်နှုန်းဖြစ်ပြီးရိုးရှင်းစွာရေးသားထားသောစာများကို နားလည်စွာဖတ်နိုင်၊ ရေးနိုင်သူများကိုစာတတ်မြောက်သူများအဖြစ် သတ်မှတ်ပါသည်။ အလယ်တန်းအဆင့် ကျောင်းနေနှုန်းနှင့် သက်ကြီးစာတတ်မြောက်မှုနှုန်းတို့ များလေလေ တိုင်းပြည်အတွက် ကောင်းလေဖြစ်ပါသည်။

**(၃) စီးပွားရေးထိခိုက်နစ်နာလွယ်မှုစံနှုန်း** (Economic Vulnerability Index-EVI)

စီးပွားရေးထိခိုက်လွယ်မှုစံသတ်မှတ်ချက်တွင် စီးပွားရေးရိုက်ခတ်မှု(Economic Shock)နှင့်ပတ်ဝန်းကျင်နှင့်ဆိုင်သော ရိုက်ခတ်မှုများ(Environmental Shock)ပေါ်တွင် မူတည်တွက်ချက်ပြီး လူဦးရေ၊ ဝေးလံခေါင်သီမှု၊ ပို့ကုန်အမယ်နည်းပါးမှု၊ ဂျီဒီပီတွင် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍပါဝင်မှုအချိုး၊ မြေနိမ့်ကမ်းခြေဒေသရှိ လူဦးရေအချိုး၊ ပို့ကုန်နှင့်ပြည်ပဝန်ဆောင်မှုလုပ်ငန်းများ မတည်ငြိမ်ခြင်း၊ သဘာဝဘေးသင့်ဒုက္ခသည်များနှင့် လယ်ယာကဏ္ဍထုတ်လုပ်မှု မတည်ငြိမ်ခြင်း စသော ညွှန်ကိန်းတို့ဖြင့် တိုင်းတာတွက်ချက်ပါသည်။ စီးပွားရေး ထိခိုက်နစ်နာလွယ်မှုစံသတ်မှတ်ချက်နှုန်းများ နိမ့်ကျလေ တိုင်းပြည်အတွက် ကောင်းလေဖြစ်ပါသည်။

LDC အဖွဲ့ဝင်နိုင်ငံဖြစ်ရန်နှင့် LDC မှ လွတ်မြောက်ရန် နှစ်မျိုးစလုံးအတွက် ထိုစံသတ်မှတ်ချက် (၃) ခုလုံးကို အသုံးပြုရမည်ဖြစ်ပါသည်။ LDC နိုင်ငံဖြစ်ရန် လူဦးရေမှာ ၇၅ သန်းထက် နည်းရမည်ဖြစ်ပြီး၊ သက်ဆိုင်ရာနိုင်ငံအစိုးရ၏ သဘောတူညီမှုအပြင် အဖွဲ့ဝင်ဖြစ်ရန် လိုအပ်သည့်စံသတ်မှတ်ချက်(၃)ခုအား ပြည့်မီရန်လည်း လိုအပ်ပါသည်။

ထိုစံနှုန်းများထဲမှ မည်သည့်စံနှုန်း (၂)မျိုးကို ပြည့်မီလျှင် (သို့မဟုတ်) တစ်ဦးကျဝင်ငွေနှစ်ဆတိုးလျှင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းမှ လွတ်မြောက်ရန် သတ်မှတ်ချက်နှင့် ကိုက်ညီမည်ဖြစ်ပြီး၊ ဖွံ့ဖြိုးမှုမူဝါဒကောင်စီ၏ ထောက်ခံချက်ကို ရမည်ဖြစ်ပါသည်။ ဖွံ့ဖြိုးမှုမူဝါဒကောင်စီ၏လေ့လာဆန်းစစ်မှုများ ထောက်ခံချက်များအား ကမ္ဘာ့ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီ (The United Nations Economic and Social Council-ECOSOC)မှ မှတ်တမ်းတင်သွားမည်ဖြစ်ပြီး၊ မှတ်တမ်းတင်သည့် ကာလမှ သုံးနှစ် ကျော်လွန်ပါက ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံမှ လွတ်မြောက်မည် ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံသည် LDC မှ လွတ်မြောက်သွားပါက စီးပွားရေးနှင့်လူမှုရေးလုပ်ငန်းများကို တိုးတက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်သော်လည်း LDC အဖွဲ့ဝင်နိုင်ငံများသာ ခံစားရသည့် သက်သာခွင့်နှင့် အထူးအခွင့်အရေးများရရှိနိုင်ရန် မသေချာတော့ပေ။ သို့ပါသော်လည်း LDC မှလွတ်မြောက်ပြီးပါက ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်နိုင်မှု ပိုမိုကောင်းမွန်မည်ဟုမျှော်မှန်းရပါသည်။

# လေ့လာသင်ယူခြင်း၏ အကျိုးကျေးဇူးအသီး အပွင့်ဖြင့် LDC နိုင်ငံများထဲမှ ရုန်းထွက်ကြပါစို့

|မေဇလပ်ဖြူ(ချင်းတောင်တန်း)|

လေ့လာသင်ယူခြင်း ဆိုသည်မှာ မိမိစိတ်ဝင်စား သည့် ဘာသာရပ်(သို့မဟုတ်) နယ်ပယ် ကဏ္ဍစုံတို့၏ အသိပညာဗဟုသုတများကို သိမှီခြင်းကိုဆိုလိုပါသည်။ ထိုသို့လေ့လာသင်ယူရာတွင် ဘာသာရပ်(သို့မဟုတ်)နယ်ပယ်ကဏ္ဍစုံ၏ အခြေအနေဖြစ်ရပ်များကို အသေးစိတ် စူးစမ်းလေ့လာမှုနှင့် ခွဲခြမ်းစိတ်ဖြာစိစစ်မှုတို့လည်းပါဝင်ပါသည်။ လေ့လာသင်ယူခြင်းတွင် အဆိုးကိုလော၊ အကောင်းကိုလောဆိုသည်မှာ မိမိကြီးပြင်းကျင်လည်ရာ ပတ်ဝန်းကျင်နှင့် များစွာသက်ဆိုင်ပါသည်။ မည်သို့ဆိုစေကာမူ လေ့လာသင်ယူခြင်းသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံလှေခါးထစ်များလည်းဖြစ်ပါသည်။ လေ့လာသင်ယူမှုဆိုင်ရာ အဆင့်များစွာကို မိမိတို့အနေဖြင့် အချိန်ကိုသော်လည်းကောင်း၊ ငွေကိုသော်လည်းကောင်း၊ ကိုယ်ကာယခွန်အားကို အားစိုက်ထုတ်၍ သော်လည်းကောင်း ပေးဆပ်ကာ ရင်းနှီးမြှုပ်နှံပြီးမှသာ အောင်မြင်မှုပန်းတိုင်ကို ရောက်ရှိခံစားကြရပေသည်။



တစ်ခါတစ်ရံလေ့လာသင်ယူခြင်းတွင် အတွေ့အကြုံ၊ အခက်အခဲများ၊ အမှားအယွင်းများ၊ ဆုံးရှုံးမှုများ၊ ဝမ်းနည်းမှုများစသည်ဖြင့် မြောက်များစွာ ခံစားကြုံတွေ့ရတတ်ပါသည်။ ထိုအဖြစ်အပျက်များမှ သင်ခန်းစာယူကာ ပိုမိုကောင်းမွန်တိုးတက်အောင် ပြင်ဆင်မှုများပြုလုပ်နိုင်ပြီး မိမိအတွက် အခက်အခဲကြုံတွေ့ခဲ့ရမှုများရှိသော်လည်း အခြားသူများကို မိမိကြုံတွေ့ခဲ့ရသော လေ့လာသင်ယူခြင်းနှင့် ပတ်သက်သောအခက်အခဲများထဲမှ သင်ခန်းစာယူကာ ဗဟုသုတများကိုပြန်လည် သင်ကြားဝေမျှပေးနိုင်ပါသည်။ ထို့ကြောင့် လေ့လာသင်ယူခြင်းသည် သင်ကြားခြင်းအတွက် ကနဦးအစလည်းဖြစ်ပါသည်။ လေ့လာသင်ယူခြင်းမှ အတွေ့အကြုံများရရှိလာကာ ကျွမ်းကျင်လိမ္မာပြီး တိုးတက်မှုရရှိလာမည်ဖြစ်ပါသည်။ လူတိုင်းလေ့လာသင်ယူခြင်း မရှိသူတစ်ဦး တစ်ယောက်မှ မရှိပါ။ မိမိတို့ငယ်စဉ် ကလေးဘဝကတည်းက တီတီတာတာ စကားစပြောနိုင်ရန်အတွက် မိဘများထံမှ လေ့လာသင်ယူမှုစတင်ခဲ့ရပါသည်။

ငယ်ရွယ်စဉ်အခါတွင် ပညာလေ့လာသင်ယူခြင်းများလည်း ပြုလုပ်ခဲ့ရပြီး မိမိတို့ကြီးပြင်းရာဘဝအလိုက် အများအားဖြင့် မိဘသည် လယ်သမားဆိုလျှင် လယ်လုပ်ငန်း၊ တံငါသည်ဆိုလျှင် တံငါလုပ်ငန်း၊ အနုပညာသမားဆိုလျှင် အနုပညာ၊ အတတ်ပညာစသည်ဖြင့် မိမိတို့ပတ်ဝန်းကျင်နှင့် ပတ်သက်သော အတတ်ပညာများကို လေ့လာဆည်းပူးကြရသော်လည်း မိမိတို့စိတ်အားထက်သန်ရာကိုသာလေ့လာသင်ယူလိုက်စားခြင်းသည် ပို၍နားလည် သဘောပေါက်လွယ်ပြီး အောင်မြင်နိုင်မည်ဖြစ်ပါသည်။ လူတစ်ဦးတစ်ယောက်အနေဖြင့် လေ့လာသင်ယူရာတွင် ကျွမ်းကျင်စွာ တတ်မြောက်အောင် ဘာသာရပ်(သို့မဟုတ်) ကဏ္ဍတစ်ခုကို စူးစိုက်ပြီး တစ်စိုက်မတ်မတ် လုပ်ဆောင်လျှင် ထိရောက်အောင်မြင်မှုရရှိမည်ဖြစ်ပါသည်။

လေ့လာသင်ယူခြင်းမတိုင်မီ မည်သည့်အရာကို သင်ယူမည်နည်း၊ မည်သည့်အတွက်ကြောင့် သင်ယူရသနည်း၊ မည်သို့သင်ယူမည်နည်း၊ မည်သည့်ပတ်ဝန်းကျင်ကို အကျိုးပြုမည်နည်း စသည်ဖြင့် တွေးတောစဉ်းစားဆုံးဖြတ်ပြီးမှ ပြန်လည်အသုံးချနိုင်သည့် အဆင့်ထိရောက်အောင် လေ့လာဆည်းပူးမှသာလျှင် အောင်မြင်တိုးတက်မည်ဖြစ်ပါသည်။ "ပညာရှာ ပမာသူဖုန်းစား" ဆိုသည့် မြန်မာစကားပုံအတိုင်း **"ပညာလေ့လာသင်ယူဆည်းပူးသိုမှီးရာတွင် သူဖုန်းစားကဲ့သို့ ရနိုင်သမျှ လေ့လာသင်ယူဆည်းပူးရမည်"** ဖြစ်ပါသည်။ လေ့လာသင်ယူခြင်း၏ အကျိုးရလာဒ်သည် လတ်တလော ချက်ချင်းမခံစားရသော်လည်း အချိန်တန်လျှင် ထိုအသီးအပွင့်ကို ခံစားရမည်မှာ မုချအမှန်ပင်ဖြစ်ပါသည်။ အသက်အရွယ်ကြီးရင့်လာသည်အထိ လေ့လာသင်ယူခြင်းဆိုင်ရာ ဗဟုသုတများသည် ကုန်ခန်းမသွားဘဲ အမြဲတမ်းဆန်းသစ်လျက်ရှိပါသည်။ ယခုအချိန်အခါသည် မြန်မာနိုင်ငံအနေဖြင့်လည်း ဖွံ့ဖြိုးမှုလမ်းကြောင်းဆီသို့ ဦးတည်သွားရာတွင် "ပြည်သူ့ဗဟိုပြု ဖွံ့ဖြိုးမှု"ဖြင့် ဆောင်ရွက်ရာတွင် လူတိုင်းမိမိတို့သက်ဆိုင်ရာ နယ်ပယ်များတွင် ခေတ်မီဆန်းသစ်သောအတတ်ပညာများ၊ နည်းပညာများ၊ ဗဟုသုတများကို အစဉ်အမြဲ လေ့လာသင်ယူ

”
မိမိတို့ပတ်ဝန်းကျင်နှင့် ပတ်သက်သော အတတ်ပညာများကို လေ့လာ ဆည်းပူးကြရသော်လည်း မိမိတို့စိတ်အားထက်သန်ရာကိုသာ လေ့လာသင်ယူ လိုက်စားခြင်းသည် ပို၍နားလည် သဘောပေါက်လွယ်ပြီး အောင်မြင်နိုင်မည် ဖြစ်ပါသည်။

ခြင်းရှိမှ သာလျှင် ထိရောက်အောင်မြင်သော စွမ်းဆောင်ချက်များဖြင့် ပန်းတိုင်ရောက်ရှိမည်ဖြစ် ပါသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများသည်လည်း ကမ္ဘာကြီး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နည်းပညာဆိုင်ရာ ပညာရပ်အသီးသီးတက်ရောက်လေ့လာသင်ယူနိုင်သည့် ပညာသင်ဆုများကို ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုနည်းသည့်နိုင်ငံများသို့ အခွင့်အလမ်းများပေးလျက်ရှိပါသည်။ မိမိတို့ လူငယ်များအနေဖြင့် ပြည်တွင်းလေ့လာသင်ယူခြင်းဆိုင်ရာသာမကပြည်ပလေ့လာ သင်ယူခြင်းအခွင့်အလမ်းများစွာ လမ်းပွင့်သောအချိန်အခါ တွင် မိမိတို့ကိုယ်တိုင်လေ့လာသင်ယူခဲ့ရသော အသိပညာဗဟုသုတများဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကာ တစ်ဆင့်တက် လှမ်း၍ လေ့လာသင်ယူရမည်ဖြစ်ပါသည်။ လေ့လာ သင်ယူရာတွင် တပည့်များကဆရာများထံမှ လေ့လာဆည်းပူးရသည် မဟုတ်ဘဲ ဆရာများမှလည်း တပည့်များထံမှ ပြန်လည်လေ့လာသင်ယူရသည့်အခါလည်းရှိပါသည်။ ထိုသို့လေ့လာသင်ယူနိုင်ရန်အတွက်တစ်ဘက်မှလည်းစာဖတ်ရန်လိုပါသည်။ စာဖတ်ခြင်းဖြင့်လည်း လေ့လာ သင်ယူရသည့် အကြောင်းအရာများစွာရှိပါသည်။ ထို့ကြောင့် **"စာအုပ်စာပေ လူ့မိတ်ဆွေ"** ဟုတင်စား ခေါ်ဝေါ်ပါသည်။ စာပေလေ့လာသင်ယူလိုက်စားခြင်းဖြင့် ဆင်ခြင်ဆုံးဖြတ်ဝေဖန်ပိုင်းခြားနိုင်သော အတွေး အခေါ်ပိုင်းဆိုင်ရာ အသိပညာ၊ အဆိုး၊ အကောင်းကို ခွဲခြားနိုင်သော အတွေးအကြံဗဟုသုတ၊ လူမှုပတ်ဝန်းကျင်ကို အစဉ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လိုသော ဆန္ဒများ တိုးပွားကာ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

လူငယ်များအနေဖြင့် ပျော်ပွဲရွှင်ပွဲများ၊ လဘက်ရည်ဆိုင်များနှင့် လမ်းပေါ်တွင် ပေးလား၊ ဝါးလား အချိန်မဖြုန်းဘဲ အကျိုးရှိသောအချိန်တွင် မိမိ တို့ဘဝ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မိမိစိတ်ဝင်စားရာ၊ မိမိအသက်မွေးဝမ်းကျောင်းနှင့် အသုံးတည့်သည့် ပညာရပ်များကို လေ့လာသင်ယူခြင်းဖြင့် မိမိတို့ဘဝကို မြှင့်တင်ရန် လိုအပ်ပါသည်။ ယနေ့ခေတ်ကာလသည် အင်တာနက်ခေတ်ဖြစ်သည်အလျောက် အွန်လိုင်းပေါ်တွင် စကားစမြည်ပြောခြင်းဖြင့် အချိန်လုံးဝကုန်ဆုံးမည့် အစား အွန်လိုင်းစနစ်ဖြင့် အခမဲ့သင်ကြားပေးသော အင်္ဂလိပ်စာသင်တန်း၊ ကွန်ပျူတာသင်တန်းနှင့် နည်းပညာဆိုင်ရာ ဒီပလိုမာသင်တန်းများစသည်ဖြင့် မြောက်များစွာသော သင်တန်းများရှိရာ ဝင်ရောက်လေ့လာသင်ယူခြင်းဖြင့် အချိန်ကာလတစ်ခုအလျောက် သင့်တင့်သော အသိပညာဗဟုသုတများရရှိမည်ဖြစ်ပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံသားတိုင်းတာဝန်ရှိပြီး မျိုးဆက်တစ်ခုပြီး တစ်ခုပိုတော်သည့် အရည်အသွေးပြည့်ဝသော မျိုးဆက်ဖြစ်ရန် လူငယ်တိုင်း ငယ်ရွယ်သည့်အချိန်မှစ၍ အချိန်ကိုတန်ဖိုးရှိစွာ သက်ဆိုင်ရာနယ်ပယ်အလိုက် လေ့လာသင်ယူ ရမည်မှာ နိုင်ငံဝတ္တရားတစ်ရပ်လည်းဖြစ်ပါသည်။

လုပ်ငန်းခွင် ဝင်ရောက်လုပ်ကိုင်သည့် ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့လုပ်ငန်း၊ ဌာန၏ ရည်မှန်းချက်၊ ဦးတည်ချက်နှင့် မျှော်မှန်းချက်များကို လေ့လာသိရှိရန်လိုအပ်ပြီး ၎င်းရည်မှန်းချက်များ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် အစဉ်အမြဲလေ့လာသင်ယူခြင်းဖြင့် တိုးတက်အောင် လုပ်ဆောင်ရမည်ဖြစ်ပါသည်။ "A little Knowledge is dangerous" ဆိုသည့်အတိုင်း ဗဟုသုတနည်းပါးခြင်းသည် တစ်ခါတစ်ရံ အန္တရာယ်ဖြစ်စေတတ်ပါသည်။ လေ့လာသင်ယူရာတွင် **"ပညာလို အိုသည် မရှိ"** ဟုဆိုသည့်အတိုင်း အသက်အရွယ်ကြီးရင့်သော်လည်း ပညာကို ရှာဖွေရဆဲဖြစ်သကဲ့သို့ မိမိတတ်မြောက်ထားသော အသိပညာသည် အိုသွားခြင်း၊ ဟောင်းသွားခြင်း မဖြစ်ဘဲအမြဲတမ်းအတွေ့အကြုံများဖြင့် ဆန်းသစ်လျက်ရှိပါသည်။

လူငယ်များအနေဖြင့် လေ့လာသင်ယူရာတွင် လောကီပညာရပ်များတွင်သာမက မိမိတို့ ယုံကြည်သက်ဝင်ကိုးကွယ်ရာ ဘာသာဓလေ့များကို လေ့လာသင်ယူခြင်းဖြင့် စိတ်နှင့် ခန္ဓာငြိမ်းချမ်းပြီး လူတော်၊ လူကောင်း၊ လူယဉ်ကျေးလေးများ ဖြစ်လာမည်ဖြစ်ပါသည်။ ဘာသာတရားကို သက်ဝင်ယုံကြည်ပြီး လေ့လာလိုက်စားသူများသည် ၎င်းတို့၏ ပတ်ဝန်းကျင်တွင်လည်း ကိုယ်ချင်းစာတရားများထားရှိကာ လုပ်ဆောင်ခြင်းဖြင့် တစ်ဦး



ပေါ်တစ်ဦး စေတနာ၊ မေတ္တာ၊ ကရုဏာများထားရှိ၍ အချင်းချင်းကူညီရိုင်းပင်းကာ အစဉ်ငြိမ်းချမ်းမှု ရရှိနေမည်ဖြစ်ပါသည်။

စီးပွားရေးနယ်ပယ်တွင်လည်း လုပ်ငန်းရှင်များအနေဖြင့် မည်သို့သော ကုန်ပစ္စည်းကို လူအများစားသုံးကြသည်၊ မည်သည့်နေရာဒေသမှ ၎င်းကုန်ပစ္စည်းထွက်ရှိသည်၊ မည်သို့သော ဈေးနှုန်းဖြင့် ရောင်းချမည်၊ မိမိကဲ့သို့သော လုပ်ငန်းပြိုင်အနေဖြင့် မည်သို့သော ဈေးနှုန်းဖြင့် ရောင်းချသည်စသည်ဖြင့် လေ့လာသင်ယူနိုင်မှသာလျှင် အကျိုးအမြတ်ရရှိကာ လုပ်ငန်းအောင်မြင်မှုရရှိနိုင်မည်ဖြစ်ပါသည်။ လေ့လာသင်ယူခြင်းမှ တစ်ဆင့်ပြီးတစ်ဆင့် အတွေ့အကြုံများမှ ကျွမ်းကျင်တတ်မြောက်လာကာ ထိရောက်သော အောင်မြင်မှုရရှိမည်ဖြစ်ပါသည်။

အုပ်ချုပ်ရေးနယ်ပယ်တွင်လည်း အခြားနိုင်ငံများသည် မည်ကဲ့သို့စနစ်ကျင့်သုံးသည်၊ မိမိတို့နိုင်ငံ အနေဖြင့် မည်ကဲ့သို့စနစ်ကျင့်သုံးသင့်သည်၊ ယခင်ကျင့်သုံးခဲ့သော ဆောင်ရွက်ချက်နည်းလမ်းများသည် အောင်မြင်မှုရရှိသည်/မရရှိသည်၊ အားသာချက်များရှိသည်/ အားနည်းချက်များရှိသည် စသည့်အတွေ့အကြုံများတို့မှ လေ့လာမှတ်သား သင်ယူစိစစ်သုံးသပ်ခြင်းဖြင့် ကောင်းမွန် မှန်ကန်သော ဆုံးဖြတ်ချက်များဖြင့် **"ကျောသား၊ ရင်သားမခွဲခြားဘဲတစ်သားတည်း၊ တစ်သွေးတည်း၊ တန်းတူ"**အုပ်ချုပ်ခြင်းဖြင့် **"ကောင်းမွန်သောအုပ်ချုပ်မှုစနစ်နှင့် သန့်ရှင်းသော အစိုးရ"**ပေါ်ပေါက်လာမည်ဖြစ်ပါသည်။

သုတေသနနှင့် ဖွံ့ဖြိုးမှုနယ်ပယ်တွင်လည်းနယ်ပယ်အသီးသီး၏ နည်းပညာဆိုင်ရာဖွံ့ဖြိုးမှုများအတွက် ခေတ်နှင့် အညီ ဆိုးကျိုး၊ ကောင်းကျိုးများကို စူးစမ်းလေ့လာ သုတေသနများပြုလုပ်ကာ ပညာပေး စာစောင်များသော်လည်းကောင်း၊ လက်ကမ်းစာစောင်များသော်လည်းကောင်း၊ စာအုပ်၊ ဂျာနယ်များတွင်သော်လည်းကောင်း၊ သတင်းမီဒီယာဖြင့်သော်လည်းကောင်း ပြည်သူများကို အချိန်မီသတိပေး လှုံ့ဆော်ရမည်ဖြစ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ စုစုပေါင်းလူဦးရေ(၅၁. ၄၈)သန်းရှိသည်ဟု သိရှိခဲ့ခြင်းသည် ၎င်း သန်းခေါင်စာရင်းမကောက်မီ အချိန်အထိ စုစုပေါင်းလူဦးရေ (၆၀) သန်းရှိခြင်းမှ အဘယ်ကြောင့် ပြောင်းလဲလျော့နည်းသွားရသည်မှာ နိုင်ငံတကာကဲ့သို့ Time Interval ဆယ်နှစ်တစ်ကြိမ် မကောက်ယူနိုင်ခဲ့ခြင်းကြောင့်လည်းကောင်း၊ အချိန်ကာလကြာ မကောက်ယူနိုင်ခဲ့ခြင်းကြောင့်လည်းကောင်း၊ ခန့်မှန်းတွက်ချက်မှုများသည် ရေရှည်တွင်မှားယွင်းမှုဖြစ်နိုင်ခြေရှိခြင်းတို့ကြောင့် လည်းကောင်းဖြစ်ပါသည်။ ၎င်းအကျိုးဆက်အားဖြင့် မြန်မာနိုင်ငံအနေဖြင့် အလုပ်လုပ်နိုင်သည့် လူငယ်၊ လူရွယ်များပြားနေခြင်းကြောင့် လူဦးရေဆုလာဒ် (Populatin Bonus)ရရှိနေသော်လည်း လူငယ်များအနေဖြင့် အချိန်ကုန်လေလွင့်နေမည်ဆိုပါက ၎င်းအခွင့်အရေးသည် နောင်တွင်ရရှိမည် မဟုတ်ပါ။

လူငယ်များအနေဖြင့် လာမည့်နှစ်(၂၀)အတွင်း မိမိတို့ စိတ်ဝင်စားရာ အသက်မွေးဝမ်းကျောင်းပညာရပ်များအတွက် အချိန်ကိုတန်ဖိုးရှိစွာ လေ့လာသင်ယူနိုင်မှသာလျှင် မိမိတို့နိုင်ငံကြီး တည်တံ့အောင်စွမ်းဆောင်နိုင်မည်ဖြစ်ပါသည်။ ထို့အပြင် အသက်အုပ်စု (၀-၅) နှစ်အရွယ်သည် ၁၉၈၃ ခုနှစ် သန်းခေါင်းစာရင်းကောက်ယူခဲ့သည့်အတိုင်း တိုးတက်ပြောင်းလဲမှုမရှိသည်

ကို ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း၏ လူဦးရေပိရမစ်ပုံအရ လေ့လာသိရှိရပါသည်။ ၎င်းသတင်းအချက် အလက်သည် ကလေးမွေးဖွားမှုနှုန်းအလွန်ကျဆင်းခြင်း၊ ကလေးသေဆုံးမှုနှုန်းနှင့် သားဖွားမိခင် သေဆုံးမှုအချိုးမြင့်မားခြင်းနှင့် အိမ်ထောင်မပြုသည့် ဦးရေများပြားခြင်းစသည့် အကြောင်းအရာများကြောင့်ဖြစ်သည်ဟု လေ့လာသိရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် မိခင်နှင့် ကလေးသည် စုစုပေါင်းလူဦးရေ၏ (၆၀) ရာခိုင်နှုန်းခန့်ရှိပြီး ငါးနှစ်အောက်ကလေး၊ တစ်နှစ်အောက်ကလေးနှင့် သားဖွားမိခင်သေဆုံးမှုအချိုးတို့မြင့်မားခြင်းကို ကျန်းမာရေး မူဝါဒများ ချမှတ်ကာ ကျေးလက်ဒေသကိုမြို့ပြနှင့် တန်းတူကျန်းမာရေးအသုံးအဆောင်ပစ္စည်း အပြည့်အဝရရှိရန်လည်း ထောက်ပံ့ဆောင်ရွက်ပေးခြင်းနှင့် အသိပညာဗဟုသုတဖြန့်ဝေပေးခြင်းတို့ဆောင်ရွက်ရန်အတွက် အရေးကြီးသော အချိန်ကာလရောက်ရှိနေပါသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း အချက်အလက်များမှ လေ့လာသိရှိခဲ့ရသည့် Warning အကြောင်းအရာများသည် နိုင်ငံသားတိုင်းတာဝန်ရှိပြီး မိမိတို့ လူမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာ၊ ဗဟုသုတများနှင့် ပညာရပ်များကို လေ့လာသင်ယူခြင်းဖြင့် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

အချို့သောနိုင်ငံများသည်လည်း မိမိတို့ နိုင်ငံကဲ့သို့သော အလားတူလူဦးရေဆုလာဒ် (Population Bonus)ကိုကြုံတွေ့ခဲ့ရပြီး အချိန်ကြာလာသည်နှင့်အမျှ သက်ကြီးရွယ်အိုမှီခိုသူ အချိုးမြင့်မားလာမှုများကိုလည်း ကြုံတွေ့ခဲ့ကြရသည်ကို လေ့လာသိရှိရပါသည်။ ဥပမာ- ဂျပန်နိုင်ငံအနေဖြင့် အိမ်ထောင်မပြုသည့် လူဦးရေများပြားခြင်း၊ ကလေးမွေးဖွားမှုမရှိသည့် အိမ်ထောင်စုများ၊ Nuclear Families နှင့် သက်ကြီးရွယ်အို မှီခိုသူအချိုးမြင့်မားခြင်းတို့ကို ပြည်သူများအား အချိန်မီသိရှိစေရန် အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ မီးပွိုင့်များ၊ လိုင်းကားပေါ် နှင့် ရထားပေါ် တို့တွင် တပ်ဆင်ထားသော တီဗွီများဖြင့်ပြသခြင်းများနှင့် မီဒီယာများမှတစ်ဆင့်ပြည်သူလူထုအသိပညာထဲသို့၎င်းတို့နိုင်ငံတည်တံ့ခိုင်မြဲစေရန်နှင့် လူမျိုးမပျောက်ကွယ်၊ ပျက်သုဉ်း မသွားအောင် နေ့စဉ်သတိပေးလှုံ့ဆော်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။ မိမိတို့နိုင်ငံအနေဖြင့်လည်း လူဦးရေနှင့် ပတ်သက်သည့် အကြောင်းအရာ အချက်အလက်များကို အခြားနိုင်ငံများသည် မည်သို့ကျင့်သုံးသည်ကို လေ့လာသင်ယူပြီး ပြန်လည်အသုံးချအသိပေးဖြန့်ဝေရန် အလွန်အရေးကြီးသော အချိန်ကာလဖြစ်ပါသည်။

ယနေ့မြန်မာနိုင်ငံတော်သည် ဒီမိုကရေစီလမ်းကြောင်းနှင့်အတူ နိုင်ငံတကာဖြင့် ရင်ဘောင်တန်းနိုင်အောင် အဘက်ဘက်မှဖွံ့ဖြိုးတိုးတက်မှုဆီသို့ဦးတည်ရွေ့လျားနေချိန်တွင် နိုင်ငံသားတိုင်းအနေဖြင့် မိမိတို့စိတ်ပါဝင်စားပြီး အံ့ဝင်ခွင်ကျဖြစ်နေသော အသက်မွေးဝမ်းကျောင်းမှုများတွင် တစ်ဆင့်ပြီးတစ်ဆင့် ခေတ်နှင့်အညီဆန်းသစ်သော နည်းပညာရပ်များ လေ့လာသင်ယူခြင်း၏ အကျိုးကျေးဇူးအသီးအပွင့်ဖြင့် မိမိတို့လူမှုပတ်ဝန်းကျင်ကို အကျိုးရှိရှိအသုံးချနိုင်သည်အထိ လုပ်ဆောင်သွားမှသာလျှင်ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ (LDCs) စာရင်းမှ လွတ်မြောက်နိုင်မည်ဖြစ်ပါ ကြောင်း ရေးသားတင်ပြတိုက်တွန်းအပ်ပါသည်။

(၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ လူဦးရေပိရမစ်ပုံရလာဒ်အပေါ် သုံးသပ်ခြင်း၊ ဂျပန်နိုင်ငံသည် လူဦးရေနှင့်ပတ်သက်သော Challenges ကို ပြည်သူများအား နေ့စဉ်မီဒီယာများနှင့် လက်ကမ်းစာစောင်များဖြင့် နေ့စဉ် အသိပညာပေးခြင်းများကို မိမိအနေဖြင့် ပညာသင်ယူစဉ်အတွင်း တွေ့ကြုံရမှုကို မျှဝေခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာသည့်အတွက် နိုင်ငံခြားပညာတော်သင်ဆုအခွင့်အလမ်းပေါ်များလာခြင်းနှင့်အတူ အင်တာနက်ကွန်ယက်ပေါ်တွင် အချိန်ဖြုန်းသုံးစွဲသည့်လူငယ်များ များပြားလာခြင်းစသည့်အချက်များနှင့် http://www.life-pilot.co.uk/info-point/benefits-of-study/tay: Idea အခြေခံကာ အကြံပြုရေးသားတင်ပြခြင်းဖြစ်ပါသည်။)



# အစားအစာလုံလောက်မှုနှင့် ဘေးကင်းလုံခြုံစိတ်ချမှု

## အခြေခံဗဟုသုတဖြင့် လူထုကွန်ယက်ဖြန့်ဝေစို့

|မိုင်အက်စတာ(Mai Ester)|

ကမ္ဘာကြီး၏ သတင်းအချက်အလက်နှင့် နည်းပညာစနစ်ဖွံ့ဖြိုးတက်လာသည်နှင့်အတူ ဖေ့ဘုတ် (Facebook) ကွန်ယက်ဖြင့်ကျွန်မတို့ပတ်ဝန်းကျင်တွင် ခင်မင်ရာမိတ်ဆွေများမှတစ်ဆင့် ကမ္ဘာအနှံ့နေ့စဉ်ဖြစ်ပျက်နေမှု သတင်းအချက်အလက်များကို လျင်မြန်လွယ်ကူစွာတွေ့မြင်ကြားသိနေရပါသည်။ ယခုလတ်တလော မြန်မာနိုင်ငံတွင်သာမက အခြားနိုင်ငံများတွင်ပါ အစား အစာနှင့်ပတ်သက်သော ဘေးဥပါဒ်ဖြစ်ပွားစေတတ် သည့် အစားအစာများ အကြောင်းအရာများကို သတိပြု ရန်ရေးသားထားသည်ကို တွေ့ရှိရပါသည်။ စီးပွားရေး လုပ်ငန်းရှင်အချို့သည် ၎င်းတို့၏ အကျိုး အမြတ်တစ်ခု တည်းကိုသာရှေ့ရှုပြီး အစားအစာများကို ဓာတုဗေဒ ပစ္စည်းများဖြင့် တာရှည်ခံအောင်ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းမှတစ်ဆင့် ရောဂါဘယရရှိခံစားရသည့်အတွက် သက်တမ်းစေ့ မနေထိုင်ရမှုများတွေ့ရှိရပါသည်။ ကျွန်မတို့လူသားတိုင်းသည် နေ့စဉ်စားသုံးရသည့် အစားအစာများသည် လုံလောက်မှုရှိရုံသာမက လုံခြုံ စိတ်ချမှုရှိရန်လည်း အရေးကြီးပါသည်။

စားနပ်ရိက္ခာဖူလုံမှု(Food Security)ဆိုသည်မှာ ၁၉၉၆ ခုနှစ် ကမ္ဘာ့အစားအစာထိပ်သီး ညီလာခံ (World Food Summit)၏ အဓိပ္ပာယ်သတ်မှတ်ချက်အရ လူအားလုံးသည် အချိန်နှင့်အမျှ အာဟာရဓာတ်ပြည့်ဝပြီး ဘေးကင်းလုံခြုံသော အစားအစာလုံလောက်စွာ ရရှိရမည်။ ဘေးကင်း လုံခြုံသောအစားအစာလုံလောက်စွာ ရရှိခြင်းသည် ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်စေရန်သာမက လူမှုရေးနှင့် စီးပွားရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုတို့ အတွက်လည်း အရေးကြီးပါသည်။

စားနပ်ရိက္ခာဖူလုံမှုသည် အောက်ပါ အဓိက မဏ္ဍိုင် (၃) သုံးခုပေါ်တွင်မူတည်ပါသည်-

(၁) **စားနပ်ရိက္ခာရရှိနိုင်မှုအခြေအနေ** (Food Avaliability)-အခြေခံအားဖြင့် စိတ်ချရသည့် လုံလောက် သောအရေအတွက်ပမာဏဖြင့် အစားအစားရရှိနိုင်မှုဖြစ် ပါသည်။

(၂) **စားနပ်ရိက္ခာရရှိမှု** (Food Access)- အာဟာရဓာတ်ပြည့်ဝသည့် အစားအစာ အတွက် လုံလောက်သောအရင်းအမြစ်မှ သင့်လျော်သောအစားအစာရရှိနိုင်မှုဖြစ်ပါသည်။

(၃) **စားနပ်ရိက္ခာစားသုံးမှု** (Food Use)- လုံလောက်သောရေရရှိရေးနှင့် သင့်လျော်ပြီး ညီမျှသော ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ရေးကဲ့သို့သော အစာအာဟာရဓာတ် ပြည့်ဝမှုနှင့် ပတ်သက်သည့် သင့်တင့်သောအခြေခံ ဗဟုသုတနှင့် ဂရုစိုက်မှုရရှိနိုင်မှုဖြစ်ပါသည်။

လူတစ်ဦးတစ်ယောက်အတွက် အခြေခံလိုအပ်သော အစားအစာပမာဏကိုလုံလောက်စွာ ရရှိစေရမည်။ အစားအစာများကို ထုတ်လုပ်ခြင်းဖြင့်လည်းကောင်း၊ ကုန်သွယ်မှုပြုလုပ်ခြင်းဖြင့် လည်းကောင်း၊ အကူအညီအထောက်အပံ့ပေးမှုများမှလည်းကောင်း ရရှိနိုင်သည်။ အစားအစာကို လုံလောက်စွာ ရရှိရုံတစ်ခုတည်းသာမက လုံခြုံစိတ်ချမှုရှိပြီး အာဟာရဓာတ်ပြည့်ဝစွာရရှိရန်လည်း လိုအပ်ပါသည်။ စားနပ်ရိက္ခာဖူလုံမှုသည် စားနပ်ရိက္ခာ ရရှိနိုင်မှုအခြေအနေနှင့် စားနပ်ရိက္ခာရရှိမှု တို့ကိုရည်ညွှန်းခြင်းဖြစ်ပါသည်။

ထုးချွန်ထက်မြက်သည့် လူသားအရင်းအမြစ်များကို မွေးထုတ်ရန် ကြိုးစားသည့်နိုင်ငံများတွင် ဉာဏ်ရည်ထက်မြက်ရန်နှင့် ကျန်းမာသန်စွမ်းနိုင်ရန် အတွက် အားဆေးတိုက်ကျွေးမည့် အစားအစာ အသောက်များကို မျှတအောင် အဓိကထားစားသုံးမှု လုပ်ဆောင်လျက်ရှိပါသည်။ နိုင်ငံတကာ တွင် ကလေးများကို ကျွေးမွေးသည့် အစားအသောက်ပုံစံများမှာ အဆီအဆိမ့်များနှင့် အချိုများသည့် အစားအစာများကို အထူးရှောင်ပြီး ထမင်းအသီးအရွက်နှင့် အသားများကို မျှတအောင် ကျွေးမွေးကြပါသည်။ မိဘများအနေဖြင့် သားသမီးများ ကျောင်းသွားသည့်အခါ ၎င်းအချက်များ တိုင်း ဂရုစိုက်ပြင်ဆင်ပြီး ထမင်းဘူးထည့်ပေးနိုင်မည်ဆိုလျှင် အားဆေးသောက်စရာမလိုဘဲ ကျန်းမာ သန်စွမ်းပြီး ဉာဏ်ရည်ထက်မြက်သည့် ကလေးများဖြစ်လာကြမည်ဖြစ်ပါသည်။

တစ်ကမ္ဘာလုံးဆိုင်ရာ ငတ်မွတ်ခေါင်းပါးမှုနှင့် အာဟာရချို့တဲ့ခြင်း ပြဿနာကို မြန်မာနိုင်ငံအနေဖြင့် လည်း တုံ့ပြန်ဆောင်ရွက်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်သည် ငတ်မွတ်ခေါင်းပါးမှုပပျောက်ရေးစိန်ခေါ်မှု (Zero Hunger Challenge-ZHC) အတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို Rio+20 ညီလာခံ

> **တစ်ကမ္ဘာလုံးဆိုင်ရာ ငတ်မွတ်ခေါင်းပါးမှုနှင့် အာဟာရချို့တဲ့ခြင်း ပြဿနာကို မြန်မာနိုင်ငံအနေဖြင့်လည်း တုံ့ပြန်ဆောင်ရွက်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။**



၂၀၁၂ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း အစားအစာ ငတ်မွတ်မှုအတွက် Challenges လျော့ပါးစေရေးအတွက် လုပ်ငန်းစဉ်ပါမဏ္ဍိုင်အလိုက် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးအစီအစဉ်များ သတ်မှတ်ကာ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်တွန်းအားပေး အကောင်အထည်ဖော်ဆောင်ရွက်သွားလျက်ရှိပါသည်။ ငတ်မွတ်ခေါင်းပါးမှုပပျောက်ရေးစိန်ခေါ်မှု၏ မျှော်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) တစ်နှစ်ပတ်လုံးလုံလောက်သော အစာရေစာများရာနှုန်းပြည့်ရရှိစေရန်၊
(၂) အသက် (၂)နှစ်အောက် ကလေးငယ်များ ကြီးထွားမှုနှောင့်နှေးစေခြင်း အားရာနှုန်းပြည့်လျှော့ချပေး ရန်၊
(၃) စားနပ်ရိက္ခာထုတ်လုပ်မှုစနစ် အားလုံး ရေရှည်တည်တံ့စေရန်၊
(၄) လုပ်ကွက်ငယ်တောင်သူများ၏ ထုတ်လုပ် မှုနှင့် ဝင်ငွေရာနှုန်းပြည့် တိုးမြှင့်စေရန်၊
(၅) အစားအစာများလေလွင့်မှု ပပျောက်စေ ရန်။

မြန်မာနိုင်ငံသည် မြေသယံဇာတ၊ ရေသယံဇာတပေါကြွယ်ဝသည့်အပြင် မျှတသော ရာသီဥတုရှိပြီး စိုက်ပျိုးရေးကောင်းမွန်သော နိုင်ငံဖြစ်သောကြောင့် လုံလောက်သော အစားအစာကို ဖြည့်ဆည်းပေးနိုင်သည့်နိုင်ငံဖြစ်ပါသည်။ ဆန်၊ ပဲအမျိုးမျိုးနှင့် အခြား စားသောက်ကုန်ပစ္စည်းများကို လုံလောက်သည့်ပမာဏအပြင် ပိုလျှံထုတ်လုပ်နိုင်သော တိုင်းပြည်လည်း ဖြစ်ပါသည်။ သို့သော်လည်း အစားအစာကို လုံလောက်ရရှိရုံတစ်ခုတည်းသာမက ဘေးကင်း လုံခြုံစိတ်ချမှုရှိပြီး အာဟာရဓာတ်ပြည့်ဝစွာရရှိရန်လည်း လိုအပ်ပါသည်။

မမျှော်လင့်သော သဘာဝဘေးအန္တရာယ်ကြောင့် အစားအစာဖူလုံမှုနှင့် အစားအစာ လုံခြုံမှုကို ထိခိုက်စေနိုင်ပါသည်။ ၎င်းသဘာဝဘေးအန္တရာယ်ကြောင့် စိုက်ပျိုးမြေယာများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဆည်နှင့် ရေလှောင်တမံများ ပျက်စီးဆုံးရှုံးစေပြီး အစားအစာလုံလောက်မှုနှင့် အာဟာရဓာတ်ပြည့်ဝစွာရရှိမှုတို့အတွက် အခက်အခဲများကို ကြုံတွေ့စေနိုင်ပါသည်။ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုအရ တိုးတက်ရင်ဆိုင်နေရသည့် သဘာဝဘေးအန္တရာယ်များကြောင့် စားနပ်ရိက္ခာထုတ်လုပ်ရေးကို မထိခိုက်စေရေးအတွက် လိုက်လျောညီထွေသည့် စိုက်ပျိုးရေးအဖြစ်သို့ ပြောင်းလဲရေး အစီအမံများကို ထည့်သွင်း စဉ်းစားဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာကြီးပူနွေးလာမှုမှ ကာကွယ်ရန်နှင့် ရာသီဥတုမျှတစေရန် အတွက် သစ်တောစိုက်ခင်းများ၊ ဒီရေတောများ၊ သစ်တောကာကွယ်တောများကိုစနစ်တကျတည်ထောင်ပြုစုလျက်ရှိပါသည်။ သားငါးကဏ္ဍတွင် ပြည်တွင်းစားသုံးမှုလုံလောက်စေရန်အတွက် လည်းကောင်း၊ ပိုလျှံသော သားငါးများကို ပြည်ပတင်ပို့နိုင်ရန် လည်းကောင်း၊ ငါးကန်၊ ပုစွန်ကန်များတိုးချဲ့မွေးမြူခြင်းလုပ်ငန်းများကို လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

အမျိုးသားအဆင့် အစားအစာလုံခြုံမှု အဆင့်အတန်းတိုးတက်ကောင်းမွန်ရေးသည် အရေးကြီးသော အနာဂတ် အလားအလာများဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် သီးနှံထုတ်လုပ်မှု မြှင့်တင်ရန်နှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရန် အတွက် ကျေးလက်ဒေသဝင်ငွေတိုးမြှင့်ရရှိရန်၊ အစား အစာဘေးကင်း လုံခြုံစွာဖြင့် လုံလောက်စွာဖြည့်ဆည်းပေးနိုင်ရန်အတွက် စားသုံးသူများကို Awarenessနှင့် ပတ်သက်သော

ဗဟုသုတနှင့် အသိဉာဏ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သတင်းမီဒီယာများမှ တစ်ဆင့်ဖြန့်ဝေပေးခြင်းဖြင့် စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရဓာတ်ပြည့်ဝရေးဆောင်ရွက်ချက်သည် တစ်ဦးတစ်ယောက်ချင်းမှသည် အိမ်ထောင်စုအထိ စားနပ်ရိက္ခာလုံခြုံမှု သေချာစေရန် ကြိုးပမ်းအားထုတ်ခြင်းသည် အမျိုးသားအဆင့် အစားအစာလုံခြုံမှုအဆင့်အတန်းပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံစားသုံးသူ ကာကွယ်ရေးအသင်းမှ ထုတ်ပြန်လိုက်သော သတင်းအချက်များထဲမှ အချို့ကို ဖော့ဘုတ်ပေါ်တွင် တာဝန်သိပြည်သူတစ်ဦးမှ အစားအစာလုံခြုံစိတ်ချမှုအတွက် လူတိုင်း အချိန်မီသတိထားသုံးစွဲနိုင်ရန်နှင့် စားသုံးသူကာကွယ်ရေးအတွက် သတင်းအချက်အလက်များ လက်ဆင့်ကမ်းဖြန့်ဝေနိုင်ရန် သတိပေးကြေညာချက်များမှ ကောက်နှုတ်ဖော်ပြချက်အချို့မှာ-

(၁) စားသောက်ဆိုင်များတွင် အသုံးပြုနေသည့် ဖော့ဘူးများသည်လည်းစတိုင်းရင်း (styrene) ဓာတ်ပါသည့် 2B ပလပ်စတစ် အုပ်စုဝင်များဖြစ်သည့်အတွက် ၎င်း ဖော့ဘူးများ၊တစ်ခါသုံးပလပ်စတစ်များလုံးဝအသုံးမပြုကြရန်၊

(၂) ကြက်သားမှုန့်တွင်လည်း အချို့မှုန့်နှင့် တာရှည်ခံမှိုသတ်ဆေးများ ဓာတုပစ္စည်းများပါဝင်သဖြင့် အချိုမှုန့်ထက်ပင် ပိုမိုဆိုးရွားစေသဖြင့် လုံးဝအသုံးမပြုကြ ရန်၊

(၃) ဆာဖျူရစ်အက်ဆစ်ပြင်း $H_2SO_4$ ရောစပ်ထားသည့် အချဉ်ရည်ဟုခေါ်သည့် အဆိပ်ရည်များဖြစ်၍ ၎င်းဆာဖျူရစ် အက်ဆစ်နည်းနည်းလေးထည့်ရုံဖြင့် အချဉ်ရည်အရသာကိုဖြစ်ပေါ်စေပြီး ဘက်ထရီအိုးမှာသုံးသည့် အက်ဆစ်လည်းဖြစ်ပါသည်။ ထို့ကြောင့် အကြော်ဆိုင်၊ အကင်ဆိုင်နှင့် တုတ်ထိုးဆိုင်များတွင် သုံးစွဲသည့် တားမြစ်ဆိုးဆေးနီနီရဲရဲများကိုရှောင်ကြဉ်ရန်၊

(၄) ခြင်ဆေးခွေတစ်ခွေ၏ အဆိပ်ဓာတ်သည် စီးကရက်အလိပ်ပေါင်း (၅၁) လိပ်ဖွာရှိုက်



သည်နှင့် ညီမျှ သည်။ ခြင်ဆေးခွေတစ်ခွေမှ ထွက်လာသည့် အဆိပ်ဓာတ်သည် စီးကရက်အလိပ်ပေါင်း (၁၃၇) လိပ်မှထွက်ရှိသော အဆိပ်မှုန့်ပမာဏနှင့် ညီမျှ၍ ဝေးဝေးကရှောင်ကြရန်နှင့် အမွှေးတိုင်များသည်လည်း ခြင်ဆေးခွေကဲ့သို့ပင် အန္တရာယ်ရှိ၍လုံးဝမသုံးကြရန်၊

(၅) အချိုရည်ဗူးများတွင် တားမြစ်ဆိုးဆေး၊ တာရှည်ခံဆေး၊ သကြားထက်အဆ ၂၀၀ ပိုမိုချိုစေသော ပါဝါသကြားနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ကဖိန်းဓာတ်များ ပါဝင်၍ ခံတွင်းကင်ဆာ၊ ကျောက်ကပ်ရောဂါ၊ ဆီးချိုရောဂါ၊ အဝလွန်ရောဂါနှင့် အသည်းကင်ဆာရောဂါတို့ကို ဖြစ်ပွားစေသည်။ ထို့အတူ ဂျယ်လီဗူးများတွင်လည်း တရုတ်မှလာသော ဂျယ်လီပေါင်ဒါ၊ ဆီထရစ်အက်ဆစ်၊ Sodium Benzorate ခေါ် တာရှည်ခံဆေး ပါဝင်၍ ကင်ဆာရောဂါများကိုဖြစ်ပွားသဖြင့် ကလေးများကို လုံးဝ မကျွေးသင့်သောကြောင့် မရောင်းသင့်သကဲ့သို့ လုံးဝ ရှောင်ကြဉ်ရန်၊

(၆) မယ်လမင်း(ဖိုက်ဘာ) ပစ္စည်းများသည် အပူနှင့်ထိတွေ့လျှင် ဓာတ်ပြု၍ ကျောက်ကပ်

ပျက်စီးခြင်းနှင့် ကင်ဆာရောဂါများကိုဖြစ်ပွား စေသဖြင့် လုံးဝ အသုံးမပြုသင့်ပါသောကြောင့် မသုံးစွဲရန်၊

(၇) တရုတ်နို့မှုန့်နှင့် ပြုလုပ်သောမုန့်များကို ခွေး ပေါက်စများ၊ ကြောင်ပေါက်စများ တိုက်ကျွေး ရာတွင် အကြောဆွဲပြီး ၁၈ ကောင် ထက်မနည်း သေဆုံးကုန် ကြောင်း စမ်းသပ်တွေ့ရှိရပါ သည်။ သို့ပါသောကြောင့် တရုတ်ပြည်မှ တံဆိပ်မျိုးစုံနှင့် တင်သွင်း သောနို့မှုန့်များဖြင့် ပြုလုပ်သော မုန့်ပဲသရေစာများကို ကလေး များအားလုံးဝ မတိုက်ကျွေးသင့်သောကြောင့် ရှောင်ကြဉ်ရန်၊

(၈) ကော်ဖီမစ်များတွင် နို့ဆီနှင့် နို့မှုန့်အစား အသုံးပြုသော Creamer မှာ မလေးရှားနိုင်ငံ တွင် စားအုန်း ဆီကိုအဆီထုတ်ပြီး ကျန်သော ကြိတ်ဖက်များကို တရုတ်နိုင်ငံမှ ဝယ်ယူ၍ မှုန့်နေအောင် ကြိတ်ပြီး Creamer အဖြစ် ပြန်လည်ရောင်းချကြောင်း သိရှိရပါသည်။ ထိုကြိတ်ဖက် မှုန့်များသည် သွေးတိုးရောဂါ နှလုံး သွေးကြောပိတ် ရောဂါ၊ လေဖြတ် ရောဂါနှင့် ကင်ဆာရောဂါများကို ဖြစ်ပွားစေ သောကြောင့် လုံးဝရှောင်ကြဉ်ရန်၊

(၉) အချို့သော အသီးအနှံများတွင် လှပသေကောင် မပုပ်အောင် ပြုလုပ်သည့် ဖော်မလင်းနှင့် အသုံးပြုထားသည့်အတွက် ရောင်းသူများမှ ရှောင်ကြဉ် ရန်နှင့် စားသုံးသူများမှလည်း သတိထားဝယ်ယူသုံးစွဲရန်၊

(၁၀) လမ်းဘေးလက်ဖက်ရည်ဆိုင်နှင့် စားဖွယ်စုံ ဆိုင်ကြီးများကို စစ်ဆေးရာတွင် ဆိုင်တော် တော်များ များတွင် အင်ဂျင်ဝိုင် အဟောင်း ကဲ့သို့ ညိုမည်းနေသော ပြန်ကြော်ဆီများဖြင့် စမူဆာ၊ အီကြာကွေးများ ကြော်နေသည်ကို တွေ့ရှိရပြီး ၎င်းအစားအစာများကို စားသုံး ပါက ပန်ကရိယကင်ဆာ၊ အသဲကင်ဆာ၊ အစာအိမ်လမ်း ကြောင်းကင်ဆာ၊ အူမကြီး ကင်ဆာအမျိုးမျိုးကို ဖြစ်ပွားစေနိုင်သော ကြောင့် ရှောင်ကြဉ်သုံးစွဲရန် စသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

လတ်တလောဖေ့ဘုတ်တွင် ဖော်ပြထားသည့် "သတိပြုသင့်စရာ ပုစွန်ခြောက်"နှင့် ပတ်သက်၍ သတင်း အချက်အလက်များကိုစားသုံးသူတစ်ဦးမှ ရေးသားဖော်ပြ ထားရာတွင် လက်ဖက်သုပ်သုပ်စားရန်ပြင်ဆင်ချိန်၌ ပါကင်ထုတ်ထဲမှ ပုစွန်ခြောက်များတွင် မည်းမည်းသေး သေးအတုံးလေးများကို သတိထားမြင်တွေ့မိသဖြင့် သေချာစစ်ဆေးခဲ့ရာ ကြွက်ချေး (သို့မဟုတ်) ပိုးဟပ် ချေး(သို့မဟုတ်) အိမ်မြှောင်ချေးဖြစ်နေသည်ကို တွေ့ရှိရ ပါသည်။ တစ်ခါတစ်ရံ ပုစွန်ခြောက် များကို ရေမဆေးဘဲ တစ်ခါတည်းထဲ၍ စားသုံးသည့် အခါရှိသည့် အတွက် မသန့်ရှင်းသောကြောင့် ကျန်းမာရေးကို ထိခိုက်နိုင် ပါသည်။ ပုစွန်ခြောက်များကို အခြောက်လှမ်းစဉ်တွင် ပိုးမွှားများပါနိုင်သကဲ့သို့ ရောင်းကုန်အဖြစ် ဈေးများတွင် ရောင်းချသည့် အခါ ဈေးထဲရှိပိုးမွှားများဝင်ရောက် နိုင်ပါသည်။ သို့ပါသောကြောင့် ပုစွန်ခြောက်များကို မစားခင် သေချာဆေးကြောပြီးမှ စားသင့်ပါကြောင်း ရေးသားဖော်ပြခဲ့ပါသည်။ ထိုကဲ့သို့ အခြားသော အစား အစာများနှင့် ပတ်သက်၍ အန္တရာယ်ထိခိုက်နိုင်သော ဘေးဆိုးကျိုးများကို ဖေ့ဘွတ်ပေါ်တွင် ရေးသားဖော်ပြ ထားသည်ကို တွေ့ရှိရပါသည်။ မိမိတို့အနေဖြင့် ဆင်းရဲ နွမ်းပါးမှုလုံးဝပပျောက်ရေး ဆောင်ရွက်ချက်များဖြင့် အစားအစာလုံလောက်စွာရရှိရေးသာမက အစားအစာ များကို ဘေးကင်းလုံခြုံစိတ်ချမှုရရှိရန်နှင့် လူသားအရင်း အမြစ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံဗဟုသုတများ ရရှိရန် သတင်းမီဒီယာများမှ လူထုကွန်ယက်ဖြင့် လက်ဆင့်ကမ်းဖြန့်ဝေသွားကြရန်မှာ လူတိုင်းတာဝန် ရှိပါကြောင်း သိကောင်းစရာဗဟုသုတအနေဖြင့် ရေးသား တင်ပြခြင်းဖြစ်ပါသည်။

(http://www.who.int/trade/glossary/story028/en/နှင့် ဖေ့ဘုတ်သတင်းအချက်အလက် တင်ပြ ချက်များမှ ကောက်နုတ်ရေးသားဖော်ပြခြင်းဖြစ် ပါသည်။)



# တစ်ခေါက်တစ်ခါ အရောက်လာ..

# မှိန်ပြုံးဝေသော မြည်မြန်မာ...

|သစ်ဦးမေ|

"ကလင်. . ကလင်. . ကလင်"

ဖုန်းမြည်သံကြားတော့ ဌာနမှ ညီမလေးတစ်ယောက်ကဖုန်းသွားကိုင်သည်။

"ဟုတ်လား. . အစ်မ. .။ လိုက်မှာပေါ့ အစ်မ. .။ စာရင်းလုပ်ပြီးလာပေးပါ့မယ် အစ်မ. ."

ညီမလေး၏ ဝမ်းသာအားရဖုန်းဖြေဆိုသံကြားတော့ နားစွင့်မိသည်။ ဘယ်ကဆက်တာပါလိမ့်။ ဘာဝမ်းသာစရာသတင်းများပါလိမ့်ပေါ့။ ဖုန်းချပြီးတော့ ညီမလေးက ဝမ်းသာအားရပြန်ပြောပြသည်။

"စီမံဌာနက ဆက်တာအစ်မရေ. . ညီမတို့ရုံးက မုံရွာဘုရားဖူး အခမဲ့လိုက်ပို့မယ်တဲ့. ။ ၁ ညအိပ် ၂ ရက် ခရီးစဉ်တဲ့အစ်မ။ သွားဖို့လာဖို့၊ နေဖို့ထိုင်ဖို့ စီစဉ်ပေးမှာမို့ လိုက်မဲ့လူစာရင်းပြုစုပြီး စီမံကို သတင်းလာပို့ပါတဲ့ အစ်မ. .။ အစ်မလိုက်မယ် မဟုတ်လားဟင်. . ညီမ စာရင်းလုပ်ပြီး သွားပေး လိုက်မယ်."

"အို. . လိုက်မှာပေါ့ညီမရယ်။ အစ်မက မုံရွာဘက်ကိုဘုရားဖူးမရောက်ဖူးဘူးညီမရဲ့။ ဖိုလ်ဝင်တောင်တို့ မိုးညှင်းသမ္ဗုဒ္ဓေတို့ကိုအစ်မမရောက်ဖူးလို့ သွားချင်နေတာ အတော်ပဲညီမရေ. . အစ်မ လိုက်မယ်လို့စာရင်းပေးလိုက်နော် ညီမ. . .။"

"ဟုတ်ကဲ့ အစ်မ. . ညီမစာရင်းပေးလိုက်ပါ့မယ်. . ."

မရောက်ဖူးသောအရပ်ဒေသက တန်ခိုးကြီးဘုရားများကို သွားရောက်ဖူးမြော်ရတော့မည့်အပြင် သွားလာနေထိုင်မှုကိုလည်း ရုံးကစီစဉ်ပေးမည်ဆိုတော့ ပိုပြီးဝမ်းသာရသည်။ စာရေးသူတို့ ဝန်ထမ်း ဘဝဆိုသည်က အလုပ်တာဝန်မအားလပ်သည်ကတစ်ကြောင်း၊ သွားလာစရိတ်ကြီးမားသဖြင့် ခရီး တစ်ခုထွက်ဖို့ ချင့်ချိန်ရသည်ကတစ်ကြောင်းကြောင့် မကြာခဏခရီးမထွက်ဖြစ်ကြပေ။ ယခုလိုရုံးက စီစဉ်ပေးသည့်အခါတွင်တော့ စာရေးသူတို့ ဝန်ထမ်းတစ်သိုက်ခရီးထွက်ဖို့ ဝမ်းသာအားရပြင်ဆင်ကြပါတော့သည်။

ခရီးထွက်မည့်နေ့ရောက်တော့ ကြိုတင်စီစဉ်ထားသည့် ခရီးစဉ်အချိန်ဇယားအတိုင်း စနေနေ့ နံနက်စောစောတွင် နေပြည်တော်မှ စတင်ထွက်ခွာလာခဲ့ကြပါသည်။ စစ်ကိုင်းကောင်းမှုတော်ဘုရား၊ ဗောဓိတစ်ထောင်ဘုရား၊ ကျောက္ကာရွှေကူနီဘုရားတို့ကို သွားရောက်ဖူးမြော်ကြပြီး တီချယ်အသိ ဘုန်းကြီးကျောင်းတွင်ညအိပ်တည်းခိုခဲ့ကြသည်။ ထို့နောက် တနင်္ဂနွေနံနက်စောစောတွင် ဖိုလ်ဝင်တောင် သို့သွားရောက်ခဲ့ကြသည်။ ဖိုလ်ဝင်တောင်တွင် ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီးဘုရားများကို ဖူးမြော်ခဲ့ကြရသည့်အပြင် ရှေးခေတ်မြန်မာတို့၏ အနုပညာလက်ရာ၊ နံရံဆေးရေးပန်းချီများကိုလည်း လေ့လာ ကြည့်ရှုခွင့်ရခဲ့ကြပါသည်။ ထို့အပြင် ဖိုလ်ဝင်တောင်က မျောက်လေးများကိုအစာကျွေးရသည်ကလည်း ပျော်ရွှင်စရာကောင်းလှပါသည်။ ဖိုလ်ဝင်တောင်ကအပြန်

မုံရွာမြို့မဈေးကိုသွားကြသည်။ မုံရွာဈေးသူ ဈေးသားများ၏ ချိုသာဖော်ရွေသည့် ဈေးရောင်းဈေးဝယ်ဟန်နှင့် စည်ကားသိုက်မြိုက်မှုကိုတွေ့မြင်ရသည့်အခါ မုံရွာမြို့၏ စီးပွားရေးပွင့်လန်းမှု၊ လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့မှုစသည့် အခြေအနေများကိုလည်း လေ့လာနိုင်ခဲ့ပါသည်။ ထို့နောက် မိုးညှင်းသမ္ဗုဒ္ဓေဘုရားကို ဆက်လက်ထွက်ခွာ လာခဲ့ကြသည်။ မိုးညှင်းသမ္ဗုဒ္ဓေဘုရားသည် မြန်မာပြည်၏ အထင်ကရဘုရားတစ်ဆူဖြစ်သည်နှင့်အညီ မိုးညှင်းသမ္ဗုဒ္ဓေဘုရားတည်ထားပုံမှာထူးခြားလှသည်။ ရှေးခေတ် ဗိသုကာဆရာကြီးများ၏ အံ့မခန်းတည်ဆောက်ထားပုံမှာ လွန်စွာလက်ရာမြောက်လှပါသည်။ ထို့နောက်ဆက်လက်ထွက်ခွာလာရာ မန္တလေး မဟာမြတ်မုနိဘုရားကြီးနှင့် ကျောက်စိမ်းစေတီတို့ကို သွားရောက်ဖူးမြော်ကြပြီး နေပြည်တော်သို့ ပြန်ခဲ့ကြပါသည်။ ခရီးစဉ်အစအဆုံးရုံးက တာဝန်ရှိသူလူကြီးများက စနစ်တကျစီစဉ်ထားသည့်အတွက် သွားလာနေထိုင်မှုအတွက် အခက်အခဲမရှိအဆင်ပြေချောမွေ့ပြီး ပျော်ရွှင်ခဲ့ကြရပါသည်။

မုံရွာဘုရားဖူးခရီးစဉ်သည် စာရေးသူအတွက် အကျိုးရှိသောခရီးစဉ်တစ်ခုဖြစ်ခဲ့ပါသည်။ စာရေးသူအနေဖြင့် ဒေသန္တရဗဟုသုတများရရှိခဲ့သည့်အပြင် ဒေသခံပြည်သူများ၏ ဓလေ့ထုံးစံ၊ လူနေမှုအဆင့်အတန်း၊ လမ်းပန်းဆက်သွယ်မှုအနေအထား၊ ရောင်းဝယ်ဖောက်ကားမှုအခြေအနေတို့ကိုလေ့လာခွင့်ရရှိခဲ့ပါသည်။ ထို့အပြင် မြန်မာ့ခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍လည်း အားသာချက်၊ အားနည်းချက်အချို့ကို သတိပြုမိခဲ့ပါသည်။

## မီးခိုးမထွက်သောလုပ်ငန်း

ခရီးသွားလုပ်ငန်းသည် သဘာဝအရင်းအမြစ်များကို ထုတ်ယူသုံးစွဲရန်မလိုအပ်ဘဲ ၎င်းမှရရှိသော ဝင်ငွေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွားကိုများစွာအထောက်အကူပြုသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းကို "မီးခိုးမထွက်သောလုပ်ငန်း" ဟု တင်စားခေါ်ဝေါ်ကြပါသည်။

ခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍ စာရေးသူတို့ ကလေးဘဝ ၆ တန်း၊ ၇ တန်းအရွယ်က မြန်မာ့ရုပ်မြင်သံကြားတွင် "Visit Myanmar Year, 1996" ဆိုပြီး ခရီးဆောင်လက်ဆွဲ အိတ်ကလေးကိုင်ထားသည့် ဖိုးဝရုပ်ကလေးနှင့် ကြော်ငြာကို သတိရမိပါသည်။




ခရီးသွားလုပ်ငန်းသည် သဘာဝအရင်းအမြစ်များကို ထုတ်ယူသုံးစွဲရန် မလိုသည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ခြင်း၊ ခရီးသွားလုပ်ငန်းမှ ဝင်ငွေအများအပြားရရှိနိုင်ခြင်း၊ ပြည်သူများအတွက် အလုပ် အကိုင်အခွင့်အလမ်းအသစ်များဖန်တီးပေးနိုင်ခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ၁၉၉၀ ခုနှစ် အစောပိုင်းကာလများကတည်းက မြန်မာ့ခရီးသွားလုပ်ငန်းတိုးတက်ဖွံ့ဖြိုးစေရန် အလေးပေးဆောင်ရွက်ခဲ့ရာ ၂၀၁၁ ခုနှစ်၊ အစိုးရသစ်လက်ထက်တွင်မြန်မာ့ခရီးသွားလုပ်ငန်းသည်ပိုမိုတိုးတက်အောင်မြင်လာခဲ့ပါသည်။ နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအနက် ပုဂ္ဂလိကကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးတွင် အဓိကစီးပွားရေးကဏ္ဍအဖြစ် သတ်မှတ်ထားရှိပြီး ခရီးသွားလုပ်ငန်းမူဝါဒကို ၂၀၁၂ ခုနှစ်တွင် ချမှတ်ခဲ့ပါသည်။

ခရီးသွားလုပ်ငန်းတွင် ပြည်တွင်းခရီးသွားလုပ်ငန်း (Inbound Tourism) နှင့်ပြည်ပခရီးသွားလုပ်ငန်း (Outbound Tourism) ဆိုပြီးနှစ်မျိုးရှိပါသည်။ ဤနေရာ

တွင်စာရေးသူအနေဖြင့် Inbound Tourism နှင့် Outbound Tourism အကြောင်းအနည်းငယ် ရှင်းလင်းတင်ပြလိုပါသည်။ Inbound Tourism ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံသို့ အခြားနိုင်ငံများက လာရောက်လည်ပတ်ခြင်းဖြစ်ပြီး Outbound Tourism ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံမှ အခြားနိုင်ငံတစ်နိုင်ငံသို့ သွားရောက်လည်ပတ်ခြင်းကို ဆိုလိုပါသည်။ ဥပမာ - မြန်မာနိုင်ငံသို့ အခြားနိုင်ငံများကလာရောက်လည်ပတ်ခြင်းကို Inbound Tourism ဟုခေါ် ဆိုပြီး မြန်မာနိုင်ငံမှ အခြားနိုင်ငံများသို့ သွားရောက်လည်ပတ်ခြင်းကို Outbound Tourism ဟုခေါ် ဆိုပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ခရီးသွားလုပ်ငန်းကို မြှင့်တင်ကြသည့်အခါ Inbound Tourism ကိုသာ အလေးပေးဆောင်ရွက်ကြသည်က များပြားပါသည်။ ဥပမာ- ကမ္ဘာလှည့်ခရီးသွားများအတွက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကိုမြှင့်တင်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးလွယ်ကူလျင်မြန်အောင် ဆောင်ရွက်ခြင်း၊ အပန်းဖြေအနားယူစရာများဖန်တီးခြင်း၊ သမိုင်းဝင်ရှေးဟောင်းအမွေအနှစ်များဖြင့် စွဲဆောင်ဖိတ် ခေါ်ခြင်းစသည်တို့ဖြစ်ပါသည်။ Inbound Tourism ကို မြှင့်တင်သည့်အခါတွင် အခြားနိုင်ငံများက မိမိနိုင်ငံသို့လာရောက်လည်ပတ်သူကမ္ဘာလှည့်ခရီးသွားများအတွက် ဦးတည်ဆောင်ရွက်နေချိန်တွင် မိမိနိုင်ငံသူ၊ နိုင်ငံသားများ၏ ဒေသတွင်းခရီးသွားလာမှု၊ တစ်နည်းအားဖြင့် Domestic Tourism လုပ်ငန်းကိုလည်း အလေးထားဆောင်ရွက်သင့်သည်ဟု စာရေးသူထင်မြင်မိပါသည်။

## ပွင့်လန်းလာသည့် မြန်မာ့ခရီးသွားလုပ်ငန်း

မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ်၊ ဇွန်လတွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီးသည့်နောက်ပိုင်း တစ်နှစ်ထက်တစ်နှစ် ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုပိုမိုများပြားလာပါသည်။ ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ၀ ဒသမ ၈၁ သန်း ဝင်ရောက်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ၁ ဒသမ ၀၆ သန်း၊ ၂၀၁၃ ခုနှစ်တွင် ၂ ဒသမ ၀၄ သန်း၊ ၂၀၁၄ ခုနှစ်တွင် ၃ ဒသမ ၀၈ သန်း တဖြည်းဖြည်းတိုးတက်ဝင်ရောက်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် ၄ ဒသမ ၆၈ သန်းကျော်အထိတိုးတက်ဝင်ရောက်ခဲ့ပါသည်။

### မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုအခြေအနေ (၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ)

| ဝင်ပေါက် | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ |
|---|---|---|---|---|---|
| ရန်ကုန် | ၃၆၄,၇၄၃ | ၅၅၉,၆၁၀ | ၈၁၇,၆၉၉ | ၁,၀၂၂,၀၈၁ | ၁,၁၈၀,၆၈၂ |
| မန္တလေး | ၂၀,၉၁၂ | ၃၂,၅၂၁ | ၆၉,၅၉၆ | ၉၀,၀၁၁ | ၁၀၇,၀၆၆ |
| မော်လမြိုင်/မြိတ် | | | ၁,၀၂၄ | ၂၇၁ | |
| နေပြည်တော် | ၅,၅၂၁ | ၁,၂၅၀ | ၁၁,၈၄၂ | ၁၉,၂၆၁ | ၁၃,၈၃၅ |
| နယ်စပ်ဂိတ်များ | ၄၂၅,၁၉၃ | ၄၆၅,၆၁၄ | ၁,၁၄၄,၁၄၆ | ၁,၉၄၉,၇၈၈ | ၃,၃၇၉,၄၃၇ |
| စုစုပေါင်း | ၈၁၆,၃၆၉ | ၁,၀၅၈,၉၉၅ | ၂,၀၄၄,၃၀၇ | ၃,၀၈၁,၄၁၂ | ၄,၆၈၁,၀၂၀ |

ဇစ်မြစ်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

မြန်မာနိုင်ငံသို့ အများဆုံးလာရောက်သည့်နိုင်ငံ အလိုက်ခရီးသည်ရောက်ရှိမှုတွင် အာရှနိုင်ငံများ၌ ထိုင်း၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့အများဆုံး လာရောက်ကြပြီး အနောက်ဥရောပနိုင်ငံများတွင် ပြင်သစ်၊ ယူကေ၊ ဂျာမဏီ၊ အီတလီ၊ ဆွစ်ဇာလန်နှင့်စပိန်နိုင်ငံတို့မှ အများဆုံးလာရောက်ကြပါသည်။ ၂၀၁၅ ခုနှစ်တွင် လေကြောင်းခရီးဖြင့် လာရောက်သောခရီးသည် စုစုပေါင်း၁ယ၃၀၁ယ၅၈၃ ဦးရှိရာ ထိုင်းနိုင်ငံမှ ၁၅. ၇၁% နှင့် တရုတ်နိုင်ငံမှ ၁၁. ၃၇%၊ ဂျပန်နိုင်ငံမှ ၆. ၉၄% ဖြစ်ပါသည်။ အာရှတိုက်မှ ၉၃၈,၄၈၇ ဦး(၇၂. ၁၀%)အနောက်ဥရောပနိုင်ငံများမှ ၂၀၉,၃၀၀ ဦး (၁၆. ၀၈%)နှင့် မြောက်အမေရိကမှ ၈၃,၈၆၆ ဦး (၆. ၄၄%) လာရောက်ခဲ့ပါသည်။

နိုင်ငံခြားမှ မြန်မာနိုင်ငံသို့ လာရောက်သောလေယာဉ်ခရီးစဉ်များ ပိုမိုများပြားလာခြင်း၊ လေဆိပ်ဝင်ပေါက်များတွင် ဆိုက်ရောက်ဗီဇာရရှိရေးဆောင်ရွက်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး အခွင့်အလမ်းများတိုးတက်လာခြင်း၊ ဒေသတွင်းနှင့် ဒေသပြင်ပနိုင်ငံတကာခရီးသွားလာမှုတိုးတက် လာခြင်းတို့ကြောင့်မြန်မာ

နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုမြင့်တက်လာခြင်းဖြစ်ပါသည်။

**ခရီးသွားလုပ်ငန်းမှ ရငွေ**

မြန်မာ့ခရီးသွားလုပ်ငန်းမှရရှိငွေသည် ၂၀၁၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၁၉ သန်းရှိရာမှ ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၁၂၂သန်းသို့တရှိန်ထိုး တိုးတက်လာခဲ့ပါသည်။ ၂၀၁၁ ခုနှစ်တွင် ခရီးသည် တစ်ဦးတစ်နေ့လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၁၂၀ ဒေါ်လာသုံးစွဲရာမှ ၂၀၁၅ ခုနှစ်တွင် ၁၇၁ ဒေါ်လာ အထိတိုးတက်သုံးစွဲခဲ့ကြပါသည်။ ဧည့်သည်များအတွက် လိုအပ်သောအခြေခံ အဆောက်အဦများနှင့် ဝန်ဆောင်မှုများ ပိုမိုပြည့်စုံ၍ သွားလာလှုပ်ရှားနိုင်သောအခွင့်အရေးများရှိလာပြီဖြစ်သည့်အတွက် ခရီးသည်များ၏ ပျမ်းမျှ ပြည်တွင်း နေထိုင်မှုအချိန်မှာလည်း ၂၀၁၅ ခုနှစ် တွင် ၉ ရက်အထိတိုးတက်ခဲ့ပါသည်။

**ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ၏ အသုံးစရိတ်နှင့် နေထိုင်မှုအချိန်**

| ခုနှစ် | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ |
|---|---|---|---|---|---|
| ခရီးသွားဧည့်သည်များ၏ အသုံးစရိတ် | ၃၁၉ သန်း | ၅၃၄ သန်း | ၉၂၆ သန်း | ၁၇၈၉ သန်း | ၂၁၂၂ သန်း |
| ခရီးသွားတစ်ဦးလျှင် တစ်နေ့ပျမ်းမျှအသုံးစရိတ် | ၁၂၀ | ၁၃၅ | ၁၄၅ | ၁၇၀ | ၁၇၁ |
| ပျမ်းမျှပြည်တွင်း နေထိုင်မှုအချိန် | ၈ ရက် | ၇ ရက် | ၇ ရက် | ၉ ရက် | ၉ ရက် |

ဇစ်မြစ်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

**အလုပ်အကိုင်ဖန်တီးပေးမှု**

ခရီးသွားလုပ်ငန်းသည်ဟိုတယ်များ၊ အစားအသောက်လုပ်ငန်းများ၊ လက်လီဈေးအရောင်းအဝယ်၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ အပန်းဖြေလုပ်ငန်းစသည့် ခရီးသွားလာရေးနှင့် ဆက်စပ်လျက်ရှိ သည့်အခြားစီးပွားရေးလုပ်ငန်းများတွင်လည်း အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီး၏ ခရီးသွားလုပ်ငန်းတိုးတက်မှုအခြေအနေများကို စောင့်ကြည့်လေ့လာလျက်ရှိသော World Travel and Tourism Council (WTTC) ၏ သုတေသနစစ်တမ်းအရ မြန်မာ့ခရီးသွားလုပ်ငန်းမှ နိုင်ငံတော်သို့ စုစုပေါင်း ဝင်ငွေရှာဖွေပေးနိုင်မှုပမာဏမှာ ၂၀၁၄ ခုနှစ်တွင် ငွေကျပ် ၃၀၂၅ ဒသမ ၆ ဘီလီယံရရှိခဲ့ပြီး GDP ၏ ၄ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ အလုပ်အကိုင်ပေါင်း ၁ ဒသမ ၁၃၄ သန်းကို ရှာဖွေပေးနိုင်ခဲ့သဖြင့် စုစုပေါင်းအလုပ်အကိုင်၏ ၄ ရာခိုင်နှုန်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

**ဗီဇာ (Visa)**

မြန်မာပြည်သို့ လာရောက်လည်ပတ်လိုသော ဧည့်သည်များအတွက် ဗီဇာလျှောက်ထားပေးမှု တွင် ဖြေလျှော့ပေးမှုများပြုလုပ်ပေးလျက်ရှိပါသည်။ ပြည်ပနိုင်ငံများရှိ မြန်မာသံရုံးနှင့် ကောင်စစ်ဝန် ချုပ်ရုံးများတွင် မြန်မာဗီဇာကိုတစ်ရက်တည်းဖြင့် ရရှိနိုင်ပြီဖြစ်ပါသည်။ တစ်ဦးချင်းလွတ်လပ် စွာသွားလာလိုသည့် ပုဂ္ဂိုလ်များ၊ အဖွဲ့များအတွက် ပြည်တွင်း၌ နေထိုင်လည်ပတ်ခွင့် ၂၈ ရက်ဗီဇာထုတ်ပေးပါသည်။ နိုင်ငံကူးလက်မှတ်မှာရောက်ရှိသည့်နေ့မှစ၍ အနည်းဆုံး ၆ လ သက်တမ်းရှိရမည်ဖြစ်ပါသည်။ ကမ္ဘာလှည့် ခရီးသည်များအတွက် online မှတစ်ဆင့် E-visa ကိုလည်း လျှောက်ထားရယူ နိုင်ပြီဖြစ်ပါသည်။ အာဆီယံအသင်းကြီး၏ ဗီဇာကင်းလွတ်ခွင့် သဘောတူညီချက်မူဘောင် (ASEAN Framework Agreement on Visa Exemption) များပါ သဘောတူညီချက်များကိုလည်း အပြည့်အဝ အကောင်အထည်ဖော်ရန် ဆောင်ရွက်လျက်ရှိပါသည်။

**ဗီဇာအလိုက် မြန်မာနိုင်ငံသို့ ဝင်/ထွက်ကြသောခရီးသည်များစာရင်း (၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ)**

| စဉ် | ဗီဇာအမျိုးအစား | လေကြောင်း | | ရေကြောင်း | |
|---|---|---|---|---|---|
| | | ဝင် | ထွက် | ဝင် | ထွက် |
| ၁ | မြန်မာနိုင်ငံကူးလက်မှတ် | ၅၈၃၁၃ | ၆၁၃၄၀ | | |
| ၂ | အထူးပြည်ပြန်ဝင်ဗီဇာ | ၃၂၀၄ | ၁၄၂၈ | | |
| ၃ | ပြည်ဝင်ဗီဇာ | ၄၃၈၄ | ၃၉၅၈ | ၃၃ | ၅ |

| | | | | | |
|---|---|---|---|---|---|
| ၄ | ပြည်ဝင်ဗီဇာ(ကမ္ဘာလှည့်) | ၅၄၇၄၉$^{+၁}$ | ၅၈၁၆၁$^{+၁}$ | ၆၇၁ | ၆၆၇ |
| ၅ | ပြည်ဝင်ဗီဇာ(လုပ်ငန်း) | ၂၆၃၂၆$^{+၁}$ | ၂၁၄၄၆$^{+၃}$ | ၂၇ | ၁၀၆ |
| ၆ | ပြည်ဝင်ဗီဇာ(အခမဲ့ သံတမန်) | ၆၄၀ | ၄၃၃ | | |
| ၇ | ဖြတ်သန်းသွားဗီဇာ | ၂၀ | ၂၀ | | |
| ၈ | ပြည်ပြန်ဝင်ဗီဇာ | ၇ | ၉ | | |
| ၉ | သင်္ဘောသားလက်မှတ် | ၂၆၁၄ | ၂၆၅၀ | ၈၀ | ၉၆ |

ဇာစ်မြစ်။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန

**စိန်ခေါ်မှုများနှင့် မြန်မာ့ခရီးသွားလုပ်ငန်း**

မြန်မာ့ခရီးသွားလုပ်ငန်းသည် ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သော်လည်း ဒီထက် မကပိုမိုတိုးတက် အောင်မြင်အောင် ဆောင်ရွက်ရဦးမည်ဖြစ်ပါသည်။ မြန်မာ့ခရီးသွားလုပ်ငန်းတွင် အားသာချက်များရှိသကဲ့သို့ အားနည်းချက်များလည်းရှိပါသည်။ ရှေးဟောင်းသမိုင်းဝင်စေတီပုထိုးများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝတောတောင်ရှုခင်းများ၊ သမိုင်းဝင်အဆောက် အအုံများပေါများစွာ တည်ရှိခြင်း၊ မြန်မာတို့၏ ရည်မွန်ဖော်ရွေပြီး ကူညီရိုင်းပင်းတတ်သည့် ယဉ်ကျေးမှုကောင်းများ တည်ရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့် ခရီးသွားများ စိတ်ဝင်တစားလာရောက်လည်ပတ်လိုကြသည်မှာ မြန်မာ့ခရီးသွားလုပ်ငန်း၏ အားသာချက်ဖြစ်ပါသည်။

ခရီးသွားဧည့်သည်များအတွက် လွယ်ကူချောမွေ့သည့် လမ်းပန်းဆက်သွယ်မှုစနစ် အားနည်းခြင်း၊ လျင်မြန်ထိရောက်သည့် ဆက်သွယ်ရေးစနစ် အားနည်းခြင်း (ဥပမာ-အင်တာနက်မြန်နှုန်း နိမ့်ပါးခြင်း)၊ ငွေရေးကြေးရေးနှင့် ပတ်သက်၍ ဘဏ်စနစ်ပိုမိုခိုင်မာအားကောင်းရန်လိုအပ်ခြင်း၊ ဧည့်လမ်းညွှန်အရေအတွက်နည်းပါးခြင်း၊ တည်းခိုစရိတ်၊ ဟိုတယ်အခန်းငှားရမ်းခ မြင့်မားခြင်း၊ ဧည့်သည်အများစု လာရောက်ကြသည့် အချိန်ကာလ (ဥပမာ- ဘုရားပွဲတော်ရက်) များတွင် နေထိုင်တည်းခိုရန် တည်းခိုခန်း၊ ဟိုတယ်အရေအတွက် အလုံအလောက်မရှိခြင်း၊ ယာဉ်ရပ်နားစခန်းထားရှိမှုနည်းပါးခြင်း၊ နာမည်ကြီး အထင်ကရနေရာများတွင်ပင် သန့်ရှင်းသပ်ရပ်သည့် သန့်စင်ခန်းအလုံအလောက်မရှိခြင်း၊ အလွယ်တကူ ဝယ်ယူစားသောက်နိုင်သည့် သန့်ရှင်းသပ်ရပ်ပြီး ဈေးနှုန်းချိုသာသော စားသောက်ဆိုင်အရေအတွက် နည်းပါးခြင်း စသည်တို့သည် မြန်မာ့ခရီးသွားလုပ်ငန်းအနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်နေသေးသည့်အချက်များ ဖြစ်ပါသည်။

ခရီးသွားဧည့်သည်များအတွက် ခရီးစဉ်ဒေသများသို့ သွားလာလည်ပတ်ရေးသာမက ခရီးစဉ် ကာလအတွင်း ၎င်းတို့၏ နေထိုင်စားသောက်မှုဆိုင်ရာဝန်ဆောင်မှုများဖြည့်ဆည်းပေးရေး၊ ဘေးကင်း လုံခြုံရေးနှင့် စိတ်ချမ်းမြေ့သာယာရေး၊ အတွေ့အကြုံသစ်များနှင့် ဒေသဆိုင်ရာကိုယ်စားပြု အမှတ်တရပစ္စည်းများ ဖန်တီးရေးတို့ကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးစဉ်ဒေသအလိုက် ဆွဲဆောင်မှုနေရာများ၊ ခရီးသွားနေရာဒေသများ ဖန်တီးဖော်ထုတ်ခြင်း၊ နိုင်ငံတကာခရီးသွားများကို ဆွဲဆောင်ရန်အတွက် လိုအပ်သည့် အခြေခံအဆောက်အဦများ မြှင့်တင်ဆောင်ရွက်ခြင်း၊ ခရီးသွားလုပ်ငန်းကြောင့်ပတ်ဝန်းကျင်ထိန်းသိမ်းမှုမထိခိုက်စေရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ မပျက်စီးမပျောက်ကွယ်စေရေး၊ လူမှုရေး ပြဿနာများမပေါ်ပေါက်စေရေး၊ စီးပွားရေးဆိုင်ရာ ပြဿနာများမဖြစ်ပေါ်စေရေးတို့အတွက်လည်း မျက်ခြေမပြတ် ဂရုစိုက်ထိန်းသိမ်းစောင့်ရှောက်သင့်ပါသည်။

အားသာချက်ကို အခွင့်အလမ်းအဖြစ်အသုံးချနိုင်ပြီး အားနည်းချက်များကို လျင်မြန်စွာ ဖြည့်ဆည်းဆောင် ရွက်သွားနိုင်မည်ဆိုပါက ခရီးသွား လုပ်ငန်းမှ တစ်ဆင့် မြန်မာ့စီးပွားရေးတိုးတက်အောင် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်သည့်အတွက် "တစ်ခေါက် တစ်ခါ အရောက်လာ. . ဖွံ့ဖြိုးဝေဆာ ပြည်မြန်မာ" ဆိုသည့်အတိုင်းစည်ပင်သာယာဝပြောသော မြန်မာပြည် ကြီးဆီသို့ ခရီးသွား ဧည့်သည်များ တစ်ခေါက်တစ်ခါ အရောက်လာဖို့ ရဲရဲကြီးဖိတ်မန္တကပြုနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ဆက်လက်ကြိုးစားပါဦးမည်. . .

# အစီရင်ခံစာ ရေးသားခြင်းအကြောင်း သိကောင်းစရာ



|မြဆာယာ|

မိမိ၏ ပတ်ဝန်းကျင်၌ "အစီရင်ခံစာ" ဟူသော စကားရပ်ကို မကြာ ခဏကြားမိသည်။ "သူ့ရဲ့အစီရင်ခံစာက အရမ်းကို ကောင်းတာပဲ၊ ဘယ်လိုများ ရေးထားတာလဲ မသိဘူး၊ ဒီအစီရင်ခံစာကတော့ ထိရောက်ပြီး ပြည့်စုံလိုက်တာ၊ ဒီစီမံကိန်းလုပ်ငန်းနဲ့ ပတ်သက်ပြီး အစီရင်ခံစာ တင်ရမယ်တဲ့၊ နိုင်ငံခြားကို အစီရင်ခံစာတင်ရမှာ ခေတ်နဲ့အညီ အဆင့်မီမှဖြစ်မယ်" စသည်ဖြင့် ဖြစ်သည်။ အထူးသဖြင့် မိမိ၏ ပညာရေးနယ်ပယ်သော်လည်းကောင်း၊ လုပ်ငန်းခွင်တွင်း၌သော်လည်းကောင်း အစီရင်ခံစာရေးသားခြင်းသည် မရှိမဖြစ်လိုအပ်သော အရည်အသွေးတစ်ခု ဖြစ်ပါသည်။

အစီရင်ခံစာ ရေးသားရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ အချက် အလက်များအား စုစည်းတင်ပြခြင်းဖြင့် အခြားသူများ သိရှိဆောင်ရွက်နိုင်ရန် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် သို့မဟုတ် အကောင် အထည်ဖော်နိုင်ရန်အတွက် အချက်အလက်များ ပံ့ပိုးပေးခြင်းဖြစ်ပါသည်။ အစီရင်ခံစာတစ်စောင် ကို ရေးသားရန်အတွက် သေချာစွာ ဂရုတစိုက် ကြိုတင်စီစဉ်ပြင်ဆင်ရန် လိုအပ်ပြီး ရှင်း လင်းကျစ်လျစ် ပြည့်စုံသော စကားရပ်များနှင့် ဝါကျများကို အသုံးပြု၍ ကျိုးကြောင်းဆီလျော်ကာ ယုတ္တိရှိရှိ နည်းလမ်း ဖြင့် အချက်အလက်များကို မှန်ကန်စွာ တင်ပြရာတွင် နည်းလမ်းကျနသော ပုံစံတစ်ခု ဖြစ်စေရန် လိုအပ်ပါသည်။

**အစီရင်ခံစာဆိုသည်မှာ အဘယ်နည်း**

အစီရင်ခံစာ ဆိုသည်မှာ လူတစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခု၏ တာဝန်ပေးချက်အရ ဖြစ်စေ၊ လိုအပ်ချက်အရဖြစ်စေ လုပ်ဆောင်ရသည့် စူးစမ်းလေ့လာ တွေ့ရှိမှု၏ ရလာဒ်များ သို့မဟုတ် အချက်အလက်များရရှိရန် လိုအပ်သော ကိစ္စရပ်၏ ရလာဒ်များ (အဓိကအားဖြင့် တရားဝင်ရုံးသုံး သို့မဟုတ် နည်းစနစ်တကျမှတ်တမ်းမှတ်ရာ ပုံစံများတွင်)အား ဖော်ပြထားသော အကဲဖြတ်သည့် ဖြစ်စဉ် သို့မဟုတ် အကျဉ်းချုပ်ဟု အောက်စဖို့အဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

အကျဉ်းဆိုရပါမူ အစီရင်ခံစာဟူသည် နည်းလမ်းတကျစုစည်းထားသော အချက်အလက်များကို ရည်ရွယ်ချက်ရှိရှိ တင်ပြထားသည့် မှန်ကန်သော အချက်အလက်များ ပါဝင်သည့် မှတ်တမ်းစာစောင်တစ်ခု ဖြစ်ပါသည်။

**အစီရင်ခံစာ အဘယ့်ကြောင့် ရေးသားသနည်း**

အစီရင်ခံစာ ရေးသားရခြင်း၏ အကြောင်းအရင်းများစွာရှိပါသည်။ အစီရင်ခံစာ တစ်စောင်ကို သတင်းပေးရန် (သို့) အကြံပြုထောက်ခံရန် (သို့) တွန်းအားပေးလှုံ့ဆော်ရန် (သို့) ယုံကြည်လက်ခံလာစေရန် (သို့) မှတ်တမ်းတင်ရန် (သို့) သဘောကျအထင်ကြီးနှစ်ခြိုက်စေရန် (သို့) ယုံကြည်ချက်ကို အားပေးထောက်ခံရန် (သို့) လမ်းညွှန်ပြသနိုင်ရန် စသည့် အကြောင်းများကြောင့် ရေးသားကြပါသည်။ အများအားဖြင့် တောင်းခံထားသည့် အချက်အလက်များကို ဖြေကြားသည့်အနေဖြင့် ရေးသားကြပါသည်။ ရည်ရွယ်ချက်မှာ တောင်းခံထားသည့် အချက်အလက်များအား စေ့စပ်သေချာစွာ၊ ကျိုးကြောင်းယုတ္တိရှိစွာဖြင့် စူးစမ်းလေ့လာတင်ပြရန်နှင့် သုံးသပ်အကဲဖြတ်ရန်အတွက် ဖြစ်ပါသည်။

ထို့ကြောင့် အစီရင်ခံစာတစ်စောင်ဖြစ်ပေါ်လာစေရန် တောင်းဆိုချက်တစ်ခု ထွက်ပေါ် လာသောအခါ

စာရေးသူသည် ၎င်း၏ အတွေ့အကြုံများမှသော်လည်းကောင်း၊ သုတေသနပြု လုပ်ခြင်းဖြင့်သော်လည်းကောင်း လိုအပ်သော အချက်အလက်များကို ရည်မှန်းချက်ထားကာ ရှာဖွေမည်ဖြစ်သည်။ ထို့နောက် ရရှိလာသောအချက်အလက်များကို ခေါင်းစဉ်များ၊ ခေါင်းစဉ်ခွဲများအလိုက် အသေးစိတ်ကျစ်လျစ်ပြည့်စုံစွာ ရေးသားသည့်ပုံစံဖြင့် ထုတ်ဖော်သည်။ စာတမ်း၏ အဓိကစာကိုယ်တွင် အချက်အလက်များအား တင်ပြရန်အတွက် ဂရပ်များ၊ ကိန်းဂဏန်းများ၊ ဇယားများကိုလည်း အသုံးပြုနိုင်သည်။

အစီရင်ခံစာတွင် စာစီစာကုံးနှင့် မညီတူစွာပင် စာရေးသူမှ အဆိုပြုချက်များကို ဝေဖန် အကြံပြုခြင်း၊ နှိုင်းယှဉ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းများ ပါဝင်သည်။ စာတမ်းများတွင် တင်ပြထားသော အချက်အလက်များကို အခြေခံ၍ ပြဿနာရပ်ကို ဖြေရှင်းရန် ထောက်ခံ အကြံပြုချက်အချို့လည်း မကြာခဏ ပါဝင်လေ့ရှိသည်။ သတင်းပေးအကြံပြုထောက်ခံချက် များကို ဆုံးဖြတ်ချက်များချမှတ်ရာတွင် အသုံးပြုသည်။ ထိုအကြောင်းရင်းများကြောင့် အဆိုပြုချက်များ ပြုလုပ်ရန်အတွက် စာတမ်းကို အသုံးပြုလေ့ရှိပါသည်။

**အစီရင်ခံစာကောင်းတစ်စောင်၏ လက္ခဏာရပ် များ**

ထိရောက်ပြီး အကျိုးသက်ရောက်မှုရှိသည့် အစီရင်ခံစာတစ်စောင် ဖြစ်စေရန်အတွက် အောက်ပါအချက်များနှင့် ကိုက်ညီသင့်ပါသည်။

**(၁) တိကျပြီး လိုရင်းကို ထိရောက်မှုရှိစေခြင်း**

တိကျပြီး ထိရောက်မှုရှိစေရန်အတွက် တောင်းဆိုထားသည့် လိုအပ်သော အချက် အလက်များကိုသာ တင်ပြသင့်ရာ အစီရင်ခံစာအတွက် တောင်းဆိုထားသည့်သူ သို့မဟုတ် တောင်းဆိုထားသည့်အုပ်စုမှ မျှော်လင့်ထားသော သို့မဟုတ် လိုအပ်သော အချက် အလက်များက မည်သည်တို့ဖြစ်သနည်းနှင့် အချက် အလက်များကို မည်သို့အသုံးပြုမည်နည်းဆိုသည်ကို စာရေးသူတစ်ယောက်အနေနှင့် ထည့်သွင်းစဉ်းစား သင့်ပါသည်။

**(၂) ဦးတည်ချက်ရှိခြင်း**

အစီရင်ခံစာတွင် ပါဝင်သော အကြောင်းအရာ၊ အချက်အလက်များသည် ဦးတည်ချက်ကို တိုက်တွန်းလှုံ့ဆော်သည်။ မိမိ၏ ထင်မြင်ယူဆချက်များသည် ဆီလျော်သက်ဆိုင်မှု ရှိသည့် နေရာတွင် ပါဝင်သင့်ပြီး အချက်အလက်မဟုတ်ဘဲ အယူအဆထင်မြင်ချက်ကို ရှင်းလင်းစွာ တင်ပြသင့်ပါသည်။ ထိုထင်မြင်ယူဆချက်များကို "မိမိ၏ ထင်မြင်ယူဆချက်မှာ --"၊ "စဉ်းစားသုံးသပ်မိသည်မှာ--"၊ "မိမိအမြင်မှာ-" စသည့် အချက်ပြစကားလုံး များကို အသုံးပြုကာ ဖော်ပြနိုင်သည်။

**(၃) စုစည်းမှုရှိခြင်း**

စုစည်းမှုရှိသော အစီရင်ခံစာတမ်းတစ်စောင်သည် စာဖတ်သူတို့အား အချက်အလက် များကို ရှာဖွေရာတွင် လွယ်ကူစွာ တွေ့ရှိစေသည်။ ထို့ကြောင့် စုစည်းထားသည့် စာတမ်း တစ်စောင်ဖြစ်စေရန် အပိုင်းကဏ္ဍအလိုက် ခေါင်းစဉ်များ၊ ခေါင်းစဉ်ခွဲများဖြင့် ရှင်းလင်းစွာ ပိုင်းခြား၍ ရေးသားသင့်ပါသည်။

**(၄) ရှင်းလင်းမှုရှိခြင်း**

ရှင်းလင်းစွာ ရေးသားထားသည့် အစီရင်ခံစာတစ်စောင်သည် နားလည်ရန် လွယ်ကူမှုရှိသည်။ ရှင်းလင်းမှုရှိစေရန်အတွက် ယေဘုယျစည်းမျဉ်းတစ်ခုမှာ ခက်ခဲရှုပ်ထွေးသော စကား ရပ်ထက်ရိုးရှင်းသော စကားရပ်ကိုသာ အသုံးပြုရမည်ဖြစ်သည်။ သို့သော် တိကျရမည်။ ရှုပ်ထွေးမှုမရှိသည့် စကားလုံးများ၊ အစိတ်အပိုင်းများစွာ မပါဝင်သည့် တိုတောင်းသော ဝါကျများသည် စာစောင်အားရှင်းလင်းလွယ်ကူစေသည်။ ဥပမာအားဖြင့် "အလွန်ဆာလောင်ငတ်မွတ်နေသော တိရိစ္ဆာန်အနွယ်ဝင်ကြောင်သည် ရေတွင် ကျင်လည်ကျက်စားနေသော သတ္တဝါအား ပွဲတော်တည်စားသုံးခဲ့သည်။"ဟူသော ရှုပ်ထွေးသည့်စာကြောင်းထက် "ဆာလောင် နေသော ကြောင်သည် ငါးကို စားခဲ့သည်။" ဟူသော ရိုးရှင်းသည့် စာကြောင်းက ပိုမို နားလည် လွယ်ကူစေသည်။

**(၅) ကျစ်လျစ်ပြည့်စုံပြီး လိုရင်းတိုရှင်းရှိခြင်း**

အချက်အလက်များကို သိရှိစေရန်အတွက် အရေအတွက် အနည်းဆုံးစကားလုံးများကို အသုံးပြုရန်

လိုအပ်သည်။ တစ်နည်းဆိုသော် ထိရောက်သော အစီရင်ခံစာတစ်စောင်တွင် ပါဝင်သော အချက်အလက်များသည် အရေးကြီးသည့်အချက်များအား လစ်ဟာသွားခြင်း၊ မလို အပ်သော စကားလုံးများအား အသုံးပြုခြင်းမရှိဘဲ တတ်နိုင်သမျှ အကျဉ်းချုံး၍ တင်ပြရသည်။

**အစီရင်ခံစာ အမျိုးအစားများ**

အချက်အလက်များတင်ပြပုံ၊ ထုတ်ဝေသည့် အကြိမ်အရေအတွက်၊ တင်ပြပုံနည်းစနစ်၊ ပါဝင်သည့် အကြောင်းအရာ စသည်တို့အပေါ် မူတည်၍ အစီရင်ခံစာ အမျိုးအစားများ ခွဲခြားနိုင်ပါသည်။

**(၁) အချက်အလက်များ တင်ပြ၍ ချဉ်းကပ်ခြင်း**

၎င်းတွင် သတင်းအချက်အလက်များ ပေးခြင်းနှင့် လေ့လာစိစစ်သုံးသပ်ခြင်း ဟူ၍ နှစ်မျိုးရှိသည်။

(က) သတင်းအချက်အလက်များပေးခြင်း

အချက်အလက်များကို သတင်းပေးအနေဖြင့် သို့မဟုတ် လမ်းညွှန်ပြသသည့် အနေဖြင့် တင်ပြသည်။ အခြေအနေအား သုံးသပ်အကဲဖြတ်ခြင်း မရှိ၊ ထင်မြင်သုံးသပ်ခြင်းမရှိ၊ အဓိပ္ပာယ် ကောက်ယူဖော်ပြခြင်းမရှိ၊ ဝေဖန်အကြံပြုမှု မရှိ၊ ကောက်ချက်ချခြင်းမရှိ၊ ထောက်ခံခြင်း မရှိပေ။ စာဖတ်သူအနေဖြင့် ဖြစ်ရပ်၊ လုပ်ဆောင်ချက်၊ အခြေအနေများကို အသေးစိတ် သိမြင်နိုင်သည်။

(ခ) လေ့လာစိစစ်သုံးသပ်ခြင်း

ယင်းတွင် ပြဿနာများကို ဖြေရှင်းရန်အတွက်သော်လည်းကောင်း၊ သတင်းပေးသုံးသပ်ချက်များကို ဖော်ပြရန် အတွက်သော်လည်းကောင်းရေးသားပြီး စိတ်ကူးစိတ်သန်း၊ အယူအဆ၊ ဝေဖန်ခြင်း၊ အကြံပြုခြင်း၊ ထောက်ခံခြင်းနှင့် ကောက်ချက်ချခြင်းများ ပါဝင်သည်။

**(၂) ထုတ်လုပ်သည့် အကြိမ်အရေအတွက်**

အစီရင်ခံစာများစွာသည် တစ်ကြိမ်သာ လိုအပ်သည်။ သို့သော် အချို့မှာမူ ပုံမှန်ကာလတစ်ခုအထိ လိုအပ်ပြီး ယင်းမှာအချိန်မှန် သို့မဟုတ် အချိန်အခါ အလိုက် အခါအားလျော်စွာ ထုတ်လေ့ရှိသည့် အစီရင်ခံစာမျိုးကို ရည်ညွှန်းသည်။ အချိန်ကာလဟု ဆိုရာတွင် နှစ်မျိုးရှိသည်။

(က) လုပ်ငန်းတစ်ခုအတွက် မတူညီသော အခြေအနေများ၌ လိုအပ်သည့် အစီရင်ခံစာ
(ခ) တိကျသောအချိန် အပိုင်းအခြားအလိုက် လိုအပ်သော အစီရင်ခံစာ (ဥပမာ- အပတ်စဉ် အစီရင်ခံစာ၊ လစဉ် အစီရင်ခံစာ ၊ နှစ်စဉ် အစီရင်ခံစာ အစရှိသည့် အစီရင်ခံစာ)

**(၃) တင်ပြပုံနည်းစနစ်**

အစီရင်ခံစာကိုရေးသားထားသည့် အတိုအရှည်နှင့် ပုံစံပေါ် မူတည်၍ နည်းလမ်းနှစ်မျိုးဖြင့် တင်ပြနိုင်သည်။

(က) သတ်မှတ်ထားသည့်ပုံစံ

- ရှည်လျားသည့် အစီရင်ခံစာ (စာမျက်နှာ ၅ မျက်နှာကျော်လေ့ရှိပြီး၊ ခေါင်းစဉ်များ၊ ခေါင်းစဉ်ခွဲများ စသည်ဖြင့် အမျိုးမျိုးသော အပိုင်းများကို သတ်မှတ်ထားသည့် ဖွဲ့စည်း တည်ဆောက်ပုံအရ စုစည်းထားသည်။)

(ခ) သတ်မှတ်ထားခြင်းမရှိသည့်ပုံစံ

- တိုတောင်းသည့် အစီရင်ခံစာ (စာမျက်နှာ ၅ မျက်နှာအောက် လျော့နည်း လေ့ရှိပြီး (၁) မှတ်စုမှတ်တမ်း (သို့) အမှာစာ၊ (၂) စာ သို့ သဝဏ်လွှာ၊ (၃) သာမန်ရိုးရိုး အစီရင်ခံစာဟူသော နည်းလမ်းသုံးမျိုးရှိသည့်အနက်တစ်ခုဖြင့်တင်ပြလေ့ရှိသည်)

**(၄) ပါဝင်သည့်အကြောင်းအရာ**

အစီရင်ခံစာတွင် လုပ်ငန်း အစီရင်ခံစာနှင့် စူးစမ်းလေ့လာတင်ပြသည့် အစီရင်ခံစာ ဟူ၍ အဓိက အချက်နှစ်မျိုးပါဝင်သည်။

**(က) လုပ်ငန်းအစီရင်ခံစာ**

**လုပ်ငန်းအဆိုပြုချက်** - ယင်းတွင် လုပ်ငန်းသစ်အချို့အတွက် စိတ်ကူးများပါဝင်သည်။ ထိုလုပ်ငန်းအတွက် အကျိုးအကြောင်းဖော်ပြရန် ကြိုးစားထားလေ့ရှိသည်။ စာဖတ်သူကို လက်ခံယုံကြည်စေသည်။ လေ့လာစိစစ်ပိုင်းခြားထားလေ့ရှိသည်။

**လုပ်ငန်းတိုးတက်မှု** - လုပ်ငန်းအား ဆက်လက်

အကောင်အထည်ဖော် ဆောင်ရွက်ရန် အတွက် လက်ရှိ အခြေအနေကို ဖော်ပြထားသည်။ လုပ်ငန်းဆောင်ရွက်သည့် အဆင့်တိုင်း/အလိုက် သို့မဟုတ် အချိန်ကာလ အလိုက်ပုံမှန်ရေးသားလေ့ရှိသည်။

**လုပ်ငန်းပြီးစီးမှု** - လုပ်ငန်းတစ်ခု ပြီးစီးပြီး နောက်ပိုင်းတွင် လုပ်ဆောင်ထားပြီးသော အရာများ၊ မည်သည် တို့ကိုလုပ်ဆောင်ထားသည်များကို ဖော်ပြထားလေ့ရှိသည်။

**(ခ) စူးစမ်းလေ့လာသည့် အစီရင်ခံစာ**

**စူးစမ်းလေ့လာစစ်ဆေး၍ ဖော်ပြထားသည့် အစီရင်ခံစာ** - ကိုယ်တွေ့လေ့လာတွေ့ရှိချက်များကို ဖော်ပြသည်။ ဥပမာ - လေ့လာသည့်နေရာ၊ လေ့လာသည့် ကိရိယာတန်ဆာပလာ၊ လေ့လာသည့် လုပ်ငန်းစဉ် စသည်ဖြင့် ပါဝင်သည်။

**စမ်းသပ်စစ်ဆေးထားသည်များကို ဖော်ပြထားသော အစီရင်ခံစာ** - စမ်းသပ် စစ်ဆေးမှုအမျိုးအစား ရလာဒ်များ ဖော်ပြထားသည်။ ဥပမာ - ဓာတ်ခွဲခန်း အစီရင်ခံစာ၊ ကိရိယာများနှင့်စမ်းသပ်စစ်ဆေး ထားသော အစီရင်ခံစာတို့ပါဝင်သည်။

**သုတေသနပြုဖော်ပြထားသော အစီရင်ခံစာ** - ကိုးကားစာအုပ်များ၊ အခြား အစီရင်ခံစာများ၊ စာတမ်းများ၊ ထုတ်ပြန် ထားသော စာရင်းအင်းများ၊ မှတ်တမ်းများ စသည့် ပုံနှိပ် ထုတ်ဝေထားသည်များတွင် တွေ့ရှိရသော အချက်အလက်များကိုပေးလေ့ရှိသည်။ ယင်းတွင် အစိုးရ သို့မဟုတ် ကုမ္ပဏီများ၏ သုတေသနဌာနများမှ လုပ်ဆောင်ထားသည့် မူရင်းသုတေသနလုပ်ငန်း၏ အသေးစိတ်ဖော်ပြချက်များ ပါဝင်ပါသည်။

**အစီရင်ခံစာ ရေးသားရာတွင် လုပ်ဆောင်ရမည့် အဆင့်များ**

- အဆင့် (၁) - ရည်ညွှန်းချက်အရ ခွဲခြားခြင်း
- အဆင့် (၂) - မိမိ၏ အစီရင်ခံစာအတွက် ကြိုတင်အစီအစဉ်ရေးဆွဲခြင်း
- အဆင့် (၃) - အချက်အလက်များအား ရှာဖွေစုဆောင်းခြင်း
- အဆင့် (၄) - အချက်အလက်များအား စနစ်တကျ စီစဉ်စုစည်းခြင်း
- အဆင့် (၅) - အချက်အလက်များအား လေ့လာ စိစစ်သုံးသပ်ခြင်း
- အဆင့် (၆) - အစီရင်ခံစာအားဖွဲ့စည်းတည်ဆောက်ခြင်း
- အဆင့် (၇) - အစီရင်ခံစာအား ရေးသားခြင်း
- အဆင့် (၈) - စိစစ်တည်းဖြတ်ပြင်ဆင်ခြင်းနှင့်ပြန်လည်မူကြမ်းရေးသားခြင်း
- အဆင့် (၉) - တင်ပြခြင်း

**အစီရင်ခံစာ ဖွဲ့စည်းတည်ဆောက်ခြင်း**

အထက်တွင် ဖော်ပြခဲ့သည့် အစီရင်ခံစာ ရေးသားခြင်း၏ အဆင့်များသည် ယေဘုယျ ဖော်ပြချက်များသာဖြစ်ပြီး အစိုးရများအကြား၊ အဖွဲ့အစည်းများ အကြား၊ ဌာနများအကြား၊ ယူနစ်များအကြား ပုံမှန်စနစ်ကျသည့် အစီရင်ခံစာများ၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် ပုံစံသည် ပြောင်းလဲနိုင်သည်။ ထို့ကြောင့် အစီရင်ခံစာတွင် ပါဝင်သင့်သည်များအား တိကျစွာ ရှာဖွေတွေ့ရှိရန် အတွက် မည်သည်တို့ပါဝင်သည်နှင့် မည်သို့တင်ပြရမည်ကို အစီရင်ခံစာအတွက် တာဝန်ပေးအပ်ထားခြင်း ခံရသောသူမှ သိရှိစေရန်လိုအပ်သည်။ ထို့ပြင် အစီရင်ခံစာများတွင် ပါရှိသည့် အချက်အလက်များသည် ပုံမှန်အားဖြင့် ရှင်းလင်းသော ခေါင်းစဉ်များဖြင့် အပိုင်းလိုက် ဖွဲ့စည်းသည်။ စာဖတ်သူအတွက် အထောက်အကူပြုသည့် သက်ဆိုင်သည့် အချက်အလက်များကို မြန်ဆန်စွာ နေရာချထားရန် အတွက် ရှင်းလင်းတိကျ၍ ထိရောက်သော ခေါင်းစဉ်များပေးရန်လည်း အရေးကြီးပါသည်။

နိဂုံးချုပ်ဆိုရသော် အစီရင်ခံစာတစ်ခုအား ကောင်းမွန်စွာ ရေးသားနိုင်ရန်မှာ အလွန်ခက်ခဲသော အရာမဟုတ်ပါ။ လူတိုင်း လေ့လာလေ့ကျင့်ကာ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်ပါသည်။ မှန်ကန်မှု၊ ရှင်းလင်းမှု၊ ကျစ်လျစ်ပြည့်စုံမှု၊ ကျိုးကြောင်းဆက်စပ်မှု၊ ပြီးပြည့်စုံမှုတို့ရှိပြီး အထူးသဖြင့် စာဖတ်သူကို အလေးပေး ထည့်သွင်းစဉ်းစား၍ ရေးသားပါက ကောင်းမွန်သည့် အစီရင်ခံစာတစ်စောင်ဖြစ်လာမည်မှာ မလွဲဧကန်ပင် ဖြစ်ပါသည်။

| | |
|---|---|
| ငွေကြေး၏ကာလအလိုက် တန်ဖိုးအယူအဆ | မြင့်သောင်း (မကွေး) |
| မေးကြမယ်၊ ဖြေကြမယ် | ကျော်ဒွန်း [DICA] |
| စိန်ခေါ်မှုကို ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းကောင်းအဖြစ် အသွင်ပြောင်းဖန်တီးရေး | ရောဝတီခင် |
| အခြေခံပညာရေးဖွံ့ဖြိုးတိုးတက်မှုများ | ထင်အောင်ဇော် |
| အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) အတွက် ပူးပေါင်းဆောင်ရွက်မှုများ | ကိုဖြူဖွေး |
| ဝန်ထမ်းများ၏ရင်ကိုအေးစေခဲ့သော အနာဂတ်ရံပုံငွေ<br>အစီအစဉ်များ | Kသိဂျ်ားဝင်း(ဘောဂဗေဒ) |
| စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကာကွယ်မှုအစီအမံများ | သိန်းမြင့်ဝေ |
| ထုတ်လုပ်မှုကဏ္ဍအားနည်းသောနိုင်ငံများ သတိပြုရမည့်ဂလိုဘယ် ကုန်သွယ်မှု<br>(သို့မဟုတ်) ခေတ်သစ်နယ်ပယ်ချဲ့ထွင်ခြင်းဖြစ်စဉ် | စောနိုင်<br>(အသုံးချဘောဂဗေဒ) |
| မဟာမဲခေါင်ဒေသခွဲ၏စီးပွားရေးစင်္ကြံများနှင့်အလားအလာ | ဒေါက်တာပင်လုံအေး |
| လူထုကျန်းမာရေးနှင့် ဆေးလိပ်အန္တရာယ်ကာကွယ်တားဆီးရေး | ခင်ဆောင်းဟေသီ |
| Infographic အကြောင်းတစေ့တစောင်း | မယု (စက်မှု) |
| တန်ဖိုးကြီးလူသားများ | ဝင်းဝင်းဝါ |
| ဖွံ့ဖြိုးမှုနည်းလမ်းများအား ခွဲခြားသိမြင်ခြင်းနှင့် ဈေးကွက်ပိုင်းဖြတ်ခြင်း | ရွှေရွှေ(ဝါဏိဇ္ဇဗေဒ) |
| အများပိုင်သယံဇာတပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ကြပါစို့ | နန်းမိုးဆိုင်<br>(စီမံကိန်းနှင့်စာရင်းအင်း) |
| ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံနှင့် ညွန်ကိန်းများအကြောင်း တစေ့တစောင်း | နိုင်လွင် |
| လေ့လာသင်ယူခြင်း၏အကျိုးကျေးဇူးအသီးအပွင့်ဖြင့် LDC နိုင်ငံများထဲမှရုန်းထွက်<br>ကြပါစို့ | မေဇလပ်ဖြူ<br>(ချင်းတောင်တန်း) |
| အစားအစာလုံလောက်မှုနှင့် ဘေးကင်းလုံခြုံစိတ်ချဖို့ အခြေခံဗဟုသုတဖြင့်<br>လူထုကွန်ယက်ဖြန့်ဝေစို့ | မိုင်အက်စတာ<br>(Mai Ester) |
| တစ်ခေါက်တစ်ခါ အရောက်လာ........ဖွံ့ဖြိုးဝေဆာပြည်မြန်မာ...... | သစ်ဦးမေ |
| အစီရင်ခံစာရေးသားခြင်းအကြောင်း သိကောင်းစရာ | မြဆာယာ |